# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက် စနေနေ့။ Saturday, 18 July 2026 ၁၂၂၄၃


### ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူးအပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## ဒုတိယသမ္မတ ဦးညိုစော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ (ပထမအကြိမ်)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ(ပထမအကြိမ်) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးအမှတ်(၃၉) အင်ကြွင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ ပင်လယ်ကမ်းရိုးတန်း နှင့် သက်ဆိုင်သော ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဦးညိုစော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ(ပထမအကြိမ်)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### ယနေ့ ဖတ်စရာ


နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ ကျင်းပ
စာမျက်နှာ » ၄

အမည်မည်းနှင့် အမြဲမနေစေလို
ဆောင်းပါး စာမျက်နှာ » ၉

ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ(Expression of Interest -EOI) ခေါ်ယူ
စာမျက်နှာ » ၁၃

မြစ်ငယ်ကုန်းတွင်းဆိပ်ကမ်းရှိ Mandalay Commercial Complex က ပို့ကုန်လုပ်ငန်းရှင်များ အတွက် One Stop Service စနစ်ဖြင့် ပို့ကုန်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိ
စာမျက်နှာ » ၁၆




## ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော စီးတီးတက္ကစီယာဉ်များ စနစ်တကျပြေးဆွဲမှုရှိစေရန် ကမ်ပိန်းပြုလုပ်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော စီးတီးတက္ကစီယာဉ်များ စနစ်တကျပြေးဆွဲမှုရှိစေရန် စီးတီးတက္ကစီကမ်ပိန်းကို သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းရှိ စံပြဈေးမှတ်တိုင်၌ ယနေ့ နံနက် ၁၀ နာရီက ပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

### နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၇

စစ်ကိုင်း တိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ် တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသ ကြီးအထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် နေရာကွက်၍ မိုးကြီးနိုင် သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## ရန်ကုန်မြို့၌ အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲ သုံးရက်ကြာပြသမည်

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံ၏ မော်တော်ယာဉ်ဈေးကွက် အလားအလာနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ပြသမည့် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲကြီးကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ YCC ခန်းမ၌ ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖





## နေပြည်တော်ကောင်စီနယ်မြေအတွင်း EV ဘတ်စ်များ တိုးချဲ့ပြေးဆွဲရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်ကောင်စီနယ်မြေအတွင်း ခရီးသွားပြည်သူများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေစေရန်အတွက် ရာဇာမင်း အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းမှ EV ဘတ်စ်ကို ပြေးဆွဲပေးလျက်ရှိပြီး တပ်ကုန်း၊ လယ်ဝေး၊ ရွာတော်နှင့် နေပြည်တော်မြို့အတွင်းရှိ လိုအပ်သောနေရာများတွင်လည်း တိုးချဲ့ပြေးဆွဲပေးရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ○

ကြေးမုံ

# လူတိုင်းလက်လှမ်းမီသည့်ကျန်းမာရေး ရည်မှန်းချက်နှင့်အညီဆောင်ရွက်ပေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံသားအားလုံး ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်ရေးသည် ပဓာနကျသည့်အချက်များဖြစ်သည်။ ထို့ကြောင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်မှု လုပ်ငန်းများအတွက် မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်စေရန်နှင့် မြို့ပြနှင့်ကျေးလက်ပါမကျန် ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု(Universal Health Coverage) ပေးနိုင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ သူနာပြုသိပ္ပံများဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်က သူနာပြုသိပ္ပံ(နေပြည်တော်)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး "လူ့အသက်ထက် အရေးကြီးတာဘာမှမရှိ" ဟူသည့် ခံယူချက်ဖြင့် မိမိတို့တာဝန်ယူခဲ့သည့် ကာလတစ်လျှောက်လုံး ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်မှုကို ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သကဲ့သို့ ယခုအစိုးရသစ်ကာလတွင်လည်း ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝကြသော်လည်း ကျန်းမာရေးမကောင်းပါက ပေးအပ်လာသည့်တာဝန်များနှင့် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ပြည်သူအားလုံး၏ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ပေးကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးအတွက် ပြည်သူလူထုအားလုံး လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရန်အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်မွေးထုတ်ပေးနိုင်ရန်လိုအပ်သည်။ နိုင်ငံတော်အတွက်လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသည့် ဆေးတက္ကသိုလ် ခြောက်ခုနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် ၁၁ ခု စုစုပေါင်း ၁၇ ခုရှိသည်။ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုတွင် အရေးကြီးသည့်တာဝန်များထမ်းဆောင်နေသည့် သူနာပြု၊ သားဖွားများ မွေးထုတ်ပေးနေသည့် သင်တန်းကျောင်းများအနက် သင်တန်းကျောင်း ၁၅ ကျောင်းကို ယခုအခါ သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ကာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဖွင့်လှစ်ပေးလိုက်သည့် သူနာပြုသိပ္ပံများသည် နိုင်ငံတော်၏ ကျန်းမာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက အရည်အချင်းပြည့်ဝပြီး လူသားချင်းစာနာစိတ်အပြည့်ရှိသည့် သူနာပြုများ၊ သားဖွားပညာရှင်များ မွေးထုတ်ပေးနိုင်သော ကျန်းမာရေးပညာဗဟိုဌာနများဖြစ်လာပြီဖြစ်သည်။ လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အဓိကကျသည့် သူနာပြုနှင့် သားဖွားစွမ်းအားစုများကို ၁၉၆၂ ခုနှစ်မှ ယနေ့အထိ သူနာပြုဒီပလိုမာရရှိသူ ၄၅၄၅ ဦး၊ သားဖွား ၄၂၅၄ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။ ထို့အပြင် ၂၀၂၆ ခုနှစ် ပညာသင်နှစ်၌ သူနာပြုသိပ္ပံနှင့် သူနာပြုသင်တန်းကျောင်းများတွင် သူနာပြုသားဖွားဒီပလိုမာ သုံးနှစ်သင်တန်းသား ၅၉၄၆ ဦးနှင့် သားဖွားသင်တန်းကျောင်းများတွင် ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ်သင်တန်းသူ ၁၀၃၅ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ၂၀၂၇ ခုနှစ် ပညာသင်နှစ်တွင် သင်တန်းသား သင်တန်းသူ ၄၀၀၀ ကျော် ပျိုးထောင်ပေးမည်ဖြစ်သည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် အရင်းအမြစ်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာအောင် မွေးထုတ်ပေးလျက်ရှိရာတွင် အရေအတွက်သာမက အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်မည့် အရည်အသွေးပြည့်ဝသည့် သူနာပြုများနှင့်သားဖွားများ မွေးထုတ်ပေးနိုင်ရန် ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၏ နိုင်ငံတကာစံနှုန်း ရှစ်ခုပါဝင်သည့် သူနာပြုနှင့် သားဖွားပညာရေးနှင့်လုပ်ငန်း အရည်အသွေးအာမခံမှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ခြင်းလည်းပါဝင်သည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များတွင် သူနာပြုပါရဂူဘွဲ့အဆင့်အထိ အဆင့်ဆင့်တက်လှမ်းသင်ယူနိုင်သည့် အခွင့်အလမ်းများလည်းရှိသည်။ ယခုအခါ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၁၅ ကျောင်းကို ထိုက်တန်သည့်အဆင့်အတန်းများဖြင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးအတွက် ပြည်သူလူထုအားလုံး လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရန်အတွက် အခြေခံကျသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင် ဆက်လက်တိုးမြှင့်မွေးထုတ်ပေးနိုင်ရန် နိုင်ငံတော်၏ရည်မှန်းချက်နှင့်အညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ပါမောက္ခဒေါက်တာ ကျော်တင့် | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဦးမြင့်ဇင်ထူး | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |

## (၁၇-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၇ ~ ၃၆၆၅.၁ | ၅၅၇.၈ ~ ၅၅၈.၁ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၄၆၂,၀၇၇.၅၈ | ၅၀,၆၀၈,၈၁၇.၉၅ | ၅၂,၇၈၇,၄၄၃.၇၄ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၃၂ သန်းအား စားသုံးဆီကဏ္ဍသို့ လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၄ အား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ၁၇ - ၇ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၄၀၂ | ၇,၂၀၄,၀၀၀ |
| MTSH | ၈,၃၀၀ | ၈,၄၀၀ | ၁,၆၉၇ | ၁၄,၁၈၉,၂၀၀ |
| MCB | ၁၄,၀၀၀ | ၁၄,၀၀၀ | ၄၀၅ | ၅,၆၇၃,၀၀၀ |
| FPB | ၆,၉၀၀ | ၇,၁၀၀ | ၆၆၂ | ၄,၆၆၇,၆၀၀ |
| TMH | ၃,၈၀၀ | ၃,၇၀၀ | ၁၂၂ | ၄၅၈,၃၅၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၉၀၅ | ၁,၇၆၄,၇၅၀ |
| AMATA | ၄,၀၀၀ | ၃,၉၅၀ | ၄၁၉ | ၁,၆၆၁,၅၀၀ |
| MAEX | ၆,၆၀၀ | ၆,၆၀၀ | ၄,၂၉၆ | ၂၈,၀၇၈,၂၀၀ |
| MADPL(PLB) | ၆,၀၀၀ | ၆,၄၀၀ | ၁,၀၃၄ | ၆,၂၈၉,၇၀၀ |
| ASPGB(PLB) | ၈၃,၀၀၀ | ၈၆,၀၀၀ | ၁,၃၄၀ | ၁၁၄,၅၈၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*

### ☆ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ဒုတိယသမ္မတက ပင်လယ်ကမ်းရိုးတန်း သယံဇာတများသည် စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တိုးတက်ရေးအတွက် အလွန်အရေးပါသော အရင်းအမြစ်များဖြစ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်း အသုံးပြုနိုင်ရန် မျှော်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲခြင်းအားဖြင့် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးမှု ပန်းတိုင်များရရှိအောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများအဖြစ် တရားမဝင်ငါးဖမ်းဆီးမှုလျှော့နည်းစေရေး Vessel Monitoring System (VMS)စနစ်အသုံးပြုခြင်း၊ ငါးမဖမ်းရရာသီနှင့် ဇရိယာများသတ်မှတ်ခြင်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ရေထုညစ်ညမ်းမှုဆိုင်ရာ ဥပဒေရေးဆွဲခြင်း၊ သုတေသနနှင့် ပညာရေးကဏ္ဍများ မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် ပလတ်စတစ်စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ဒီရေတောများ တိုးချဲ့ထိန်းသိမ်းရေး တို့ကိုလည်း တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၂၄ ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း (Integrated Coastal Management – ICM) ကို အခြေခံ၍ အစိမ်းရောင်စီးပွားရေး (Green Economy)၊ ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အပြာရောင်စီးပွားရေး (Blue Economy) နှင့် ပတ်လည်စီးပွားရေး(Circular Economy) အယူအဆများကို ပေါင်းစပ်ဖော်ဆောင်ရန် လိုအပ်ကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ထိထိရောက်ရောက် ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

ကော်မတီဝင်အားလုံးအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ဒေသတွင်း အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဌာန၊ အဖွဲ့အစည်းများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ယနေ့အစည်းအဝေးတွင် တင်ပြဆွေးနွေးပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကိုပြသပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ ဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဆွေးနွေး တင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

### ❖ ရန်ကုန်မြို့မှ

လက်ရှိအချိန်တွင် နိုင်ငံတော်က လျှပ်စစ်မော်တော်ယာဉ်နှင့် ဆက်စပ်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ မော်တော်ယာဉ်ပြပွဲကြီးတွင် နောက်ဆုံးပေါ် ကား model များ၊ EV နည်းပညာများနှင့် မော်တော်ယာဉ်နှင့်သက်ဆိုင်သော တီထွင်ဆန်းသစ်မှုအသစ်များကို တစ်နေရာတည်းတွင် စုစည်းပြသထားပြီး နည်းပညာအသစ်များကို အနီးကပ်လေ့လာနိုင်စေရန်နှင့် နိုင်ငံတကာ မော်တော်ယာဉ် အမျိုးအစားအစုံနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံ၏ ကားဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး ပြသခြင်းဖြစ်ကြောင်း မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းမောင်က ပြောသည်။ ပြပွဲတွင် လူစီးကားများ၊ ကုန်တင်ယာဉ်များ၊ အလှစီးကားများကို ခင်းကျင်းပြသထားပြီး အရစ်ကျဘဏ်ချေးငွေစနစ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

### ❂ ရန်ကုန်တိုင်းဒေသကြီးမှ

အဆိုပါကမ်ပိန်းအား ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သဃ်န်းကျွန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကညန၊ ရန်ကုန်စီးတီးတက္ကစီအသင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)နှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အသိပညာပေးခြင်းများ၊ စီးတီးတက္ကစီယာဉ်များ လိုက်နာရန်စည်းကမ်းချက်များ ပါဝင်သည့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

"ဘတ်စ်ကားမှတ်တိုင်တွေမှာ တက္ကစီတွေဝင်ရပ်တော့ ယာဉ်ကြောနှစ်ထပ်၊ သုံးထပ်ဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်စေတဲ့အတွက် ဘတ်စ်ကားမှတ်တိုင်တွေမှာ တက္ကစီတွေဝင်မရပ်ဖို့၊ တက္ကစီဆိုင်းဘုတ်တွေကိုလည်း သတ်မှတ်ထားတဲ့အတိုင်း တပ်ဆင်ဖို့၊ တက္ကစီယာဉ်တွေမှာ ကြော်ငြာတွေမကပ်ဖို့၊ စနစ်တကျရပ်ဖို့၊ စနစ်တကျမောင်းနှင်ဖို့ စတာတွေကို ရည်ရွယ်ပြီး ဒီကမ်ပိန်းကို ပြုလုပ်ခြင်းဖြစ်ပါတယ်။ အပတ်စဉ်ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ထားသည့် ယာဉ်အစီးရေ စုစုပေါင်း ၅၆၀၀၀ ကျော်ရှိပြီး ယင်းတို့ထဲတွင် CNG ယာဉ် ၁၈၀၀၀ ခန့်နှင့် EV ယာဉ် ၁၀၀၀ ကျော် ပါဝင်ကြောင်း သိရသည်။ **ကိုထက်**

## နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ချိတ်ဆက်ဆွေးနွေးခြင်းဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ချိတ်ဆက်ဆွေးနွေးခြင်းဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဂ္ဂလိကစက်မှု မှတ်ပုံတင်လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နေပြည်တော် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြသည်။

ယင်းနောက် Bussiness Matching အစီအစဉ်တွင် စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများမှ လုပ်ငန်းရှင်များက ကဏ္ဍအလိုက် စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။ **အောင်ကို (ပုဗ္ဗသီရိ)**

### ❍ နေပြည်တော်မှ

မြို့တွင်း EV ဘတ်စ် ပြေးဆွဲမှုအနေဖြင့် နေပြည်တော်မြို့မဈေးမှ စတင်ထွက်ခွာ၍ ခုတင် (၁၀၀၀) ဆေးရုံရှေ့၊ ကံ့ကော်အိမ်ရာ၊ သပြေကုန်းဈေး၊ စည်ပင်ဥဒ္ဒေရိပ်သာ၊ ဇမ္ဗူသီရိဆေးရုံရှေ့၊ ပြန်ကပြေးအဝိုင်း၊ ဆင်ရုပ်နှင့် နှင်းဆီအဝိုင်းမှတစ်ဆင့် ဘောဂသီရိဂိတ်အထိ ပြေးဆွဲပေးလျက်ရှိပြီး ယာဉ်စီးခနှုန်းထားကို ဂိတ်စဂိတ်ဆုံး မည်သည့်နေရာအထိ စီးနင်းသည်ဖြစ်စေ တစ်ဦးလျှင် ၁၀၀၀ ကျပ်ဖြင့် ပြေးဆွဲပေးခြင်းဖြစ်သည်။

ခရီးသွားပြည်သူများသွားလာရေး ပိုမိုအဆင်ပြေစေရန် ထပ်မံရောက်ရှိမည့် ယာဉ်စီးရေအပေါ်မူတည်၍ ယာဉ်ထွက်ရှိမည့် အချိန်နှင့် ပြေးဆွဲချိန် (ခေါက်ရေ)များကို တိုးမြှင့်သတ်မှတ်ပေးသွားရန်ရှိကြောင်း၊ မြို့တွင်း ယာဉ်ပြေးဆွဲမှုများလာသည့်အခါ ခရီးသည်များ၏လုံခြုံရေးအတွက် အာမခံလုပ်ငန်းများနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ပေးမည့်အစီအစဉ်များရှိကြောင်း နေပြည်တော်ဂိတ်တာဝန်ခံ ဦးအောင်သူမိုးက ပြောသည်။

လက်ရှိ မြို့တွင်းပြေးဆွဲလျက်ရှိသည့် EV ဘတ်စ်တွင် ထိုင်ခုံ ၃၆ ခုံပါရှိကာ မတ်တပ်ရပ်စီးနင်းသူများအတွက် လက်စွဲကိုင်း ၂၀ တပ်ဆင်ထားပြီး ခရီးသည် ၅၆ ဦးအထိ ဘေးကင်းလုံခြုံစွာ တင်ဆောင်ပြေးဆွဲပေးလျက်ရှိသည်။ ယာဉ်စီးခပေးချေရာတွင် သတ်မှတ်ထားသည့်ပုံးအတွင်း ကိုယ်တိုင်ထည့်သွင်းပေးရပြီး မိမိဆင်းလိုသည့်နေရာရောက်လျှင် ယာဉ်မောင်းသူသိနိုင်ရန် Stop Alarm (ဘဲလ်ခလုတ်)ကို နှိပ်ပေးရမည်ဖြစ်သည်။

ယာဉ်မောင်းများကိုလည်း သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများဖြင့် ယာဉ်လိုင်းမှချမှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ရန်မှာကြားထားပြီး လက်ရှိတွင် EV မော်တော်ယာဉ်နှင့် ပတ်သက်၍တတ်ကျွမ်းနားလည်သူများကိုသာ ခန့်ထားကြောင်း ၎င်းကပြောသည်။

ဒေသခံကုန်သည်များနှင့် ခရီးသွားပြည်သူများကလည်း လမ်းကြောင်းတိုးချဲ့ပြေးဆွဲပေးရန် လိုလားကြပြီး ကုန်စည်စီးဆင်းမှုပိုမိုလျင်မြန်စေရန် နေပြည်တော်ဘူတာကြီးသို့ ပြေးဆွဲပေးစေချင်ကြောင်း သပြေကုန်းဈေးမှ ဒူးရင်းသီးကုန်သည် ဦးအောင်အောင်က ပြောသည်။ **TMK**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်) သောကြာနေ့]

"ဇဝံ သံဝဒ္ဓါ ဟိ တဿ ဘဂဝတော ပရိသာ ယဒိဒံ အညမည ဝစနေန အညမညဝုဋ္ဌာပနေန" (ဝိ၊ ၁၊ ၂၇၂)ဟူသော ဗုဒ္ဓမြတ်စွာ၏ အခြေခံစည်းမျဉ်းဒေသနာတော်အတိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် **"အညမညဝစန – အချင်းအချင်းအစီးအပွားကို ပြောဆိုခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ အညမည ဝုဋ္ဌာပန – အချင်းချင်း အာပတ်မှထစေခြင်း"** တို့သည် **"ပရိသာယ ဝုဒ္ဓိကာရဏ –သံဃာ့ပရိသတ်ကြီးပွားခြင်း၏အကြောင်းကို ပြခြင်းပင်ဖြစ်ကြောင်း"** ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ကင်္ခါဝိတရဏီ အဋ္ဌကထာတို့က ဖွင့်ပြကြပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ကဆုန်လသည် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်အတွက် ထူးသည့် မြတ်သည့် အချိန်ကာလတစ်ခုဖြစ်သည့် အားလျော်စွာ ပြီးခဲ့သည့် ကဆုန်လအတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပနိုင်ခဲ့ပြီး သိပ်မကြာခင်မှာပင် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကြီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ ထိုကဲ့သို့သော အခမ်းအနားကြီးများ ကျင်းပနိုင်ခဲ့ခြင်း၏ အဓိပ္ပာယ်မှာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းတွင် "ဤအခြေခံစည်းမျဉ်းသည် သဗ္ဗညုတဘုရားရှင်၏ ဓမ္မဝိနယနှင့်အညီ သာလျှင် ဖြစ်စေရမည်"ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဓမ္မဝိနယနှင့်အညီ ညီညွတ်သော သံဃာ့အဖွဲ့အစည်းကြီး ဖွဲ့စည်းနိုင်ခဲ့ခြင်း၏ အကျိုးရလဒ်များသာဖြစ်သည်ဟု ဝမ်းမြောက် ဝမ်းသာ လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ စာအုပ်၏ နိဒါန်းတွင် **"တိဏ္ဏော တာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ"** ဟူသော ဘုရားရှင်ပွင့်တော်မူခြင်း၏ မူလရည်ရွယ်ချက်၊ မူလရည်ရွယ်တော်မူရင်းအတိုင်း ၄၅ ဝါပတ်လုံး တရားတော်များကို မြွက်ဟထုတ်ဖော် ဟောကြားတော်မူခဲ့သည်ဖြစ်ရာ တရားရတနာဖြစ်ထွန်းခဲ့ပါသည်ဘုရား။ မြတ်စွာဘုရားသည် ထိုတရားတော်များကို လိုက်နာဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင်ဖြန့်ဝေခြင်း တာဝန်များကို ထမ်းဆောင်ရန် အလို့ငှာ သံဃာရတနာကိုလည်း ခွင့်ပြုတော်မူခဲ့ပါသည်ဘုရား။ သံဃာရတနာကို ခွင့်ပြုတော်မူသည့်အခါ လိုက်နာကျင့်သုံးနိုင်ရန် ဝိနည်း စည်းမျဉ်း ဥပဒေများကို ပညတ်ခြင်း၊ သံဃာတော်များ မလွဲမသွေ ဧကန်မုချ ထမ်းဆောင်ကြရမည့် ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်များကိုလည်း ပေးအပ်တော်မူခဲ့ပါသည်ဘုရား။ ထိုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရန်အလို့ငှာ ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါကြည်ဖြူ ပေးလှူသော ပစ္စည်းလေးပါးတို့ကို ခံယူသုံးဆောင်ခွင့်ပြုသောအားဖြင့် ချီးမြှင့်တော်မူခဲ့ပါသည်ဘုရား။



ယင်းသို့ မြတ်စွာဘုရားပေးအပ်သည့် တာဝန်နှင့်ရပိုင်ခွင့်တို့ကို ခံယူတော်မူကြသော သံဃာ့အဖွဲ့ဝင် သံဃာတော်များကလည်း "သံဃာ့စည်းမျဉ်း ဥပဒေ"ဟူသော ဝိနယဓမ္မတို့ကို လိုက်နာကျင့်သုံးခြင်း၊ မြတ်စွာဘုရားတာဝန်ပေးခဲ့သည့် ဓုရတာဝန်နှစ်ပါးကို ကျေပွန်စွာထမ်းဆောင်ကြခြင်း၊ နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမတို့ကလည်း မြတ်စွာဘုရား ချီးမြှင့်ခွင့်ပြုတော်မူသည့်အတိုင်း ပစ္စည်းလေးပါးတို့ကို ထောက်ပံ့လှူဒါန်းခဲ့ခြင်းတို့ကြောင့် မြတ်စွာဘုရား၏အဆုံးအမ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး ယနေ့ထက်တိုင် ညစ်ကြေးမထင် စင်ကြယ်စွာ ၂၅၇၀ နှစ်ကြာအောင် အရှည်ခံ့၍ တည်တံ့နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နိုင်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

ယခုမျက်မှောက်ကာလ၌ ရှိနေကြသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများသည် မြတ်ဗုဒ္ဓအရှင်၏ အေးငြိမ်းလှစွာသော သာသနာတော်အရိပ်၌ မှီခိုကိုးစားအားထား၍ နေကြရသည့် အကျိုးကျေးဇူးများကို စိစစ်သုံးသပ်ကြည့်သည်ရှိသော် အရင်းမူလသာသနာတော်မြတ်ကို တည်ထောင်တော်မူခဲ့သော သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလည်းကောင်း၊ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့ကြကုန်သော သက်တော်ထင်ရှား သံဃာ့ဦးသျှောင်မထေရ်မြတ်ကြီးတို့မှ သင်္ဂါယနာ ၆ တန်တင် သာဝကအဆက်ဆက်တို့ကို လည်းကောင်း၊ ပစ္စည်းလေးပါး ဒါယကာ မင်းအဆက်ဆက်နှင့် အခြားသော သာသနာပြုပုဂ္ဂိုလ် အသီးသီးကိုလည်းကောင်း အထူးကျေးဇူးတင်ထိုက်ကြောင်း တွေ့မြင်ကြရမည်ဖြစ်ပါသည်ဘုရား။

ယင်းသို့ ကျေးဇူးတရားကြီးမားလှသည့် ဘုရားအစရှိသော ကျေးဇူးရှင်ကြီးများအား ယခုမျက်မှောက်ခေတ်၌ ထင်ရှားရှိနေသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်များအနေဖြင့် **"ကတညုတ ကတဝေဒီ"** မင်္ဂလာတရားနှင့်အညီ ကျေးဇူးဆပ်သည့်အားလျော်စွာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးနှင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးဂုဏ်ပြုပွဲကဲ့သို့သော ဓမ္မစစ် ဓမ္မမှန်ပွဲကြီးများကို ကျင်းပပြုလုပ်၍ ကျေးဇူးဆပ်ကြခြင်းဖြစ်သည်ဟု ဝမ်းမြောက်နိုင်ပါသည်ဘုရား။ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာ အခမ်းအနား၌ တပည့်တော် လျှောက်ထားခဲ့သည့်အတိုင်း ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့မြတ်သည် သာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်ဖြစ်၍ ဆဋ္ဌသင်္ဂါယနာအောင်ပွဲကြီးနှင့်အတူ သာသနာနှစ် ၂၅၀၀ ပြည့်အထိမ်းအမှတ်ပူဇော်ပွဲကြီးကျင်းပကာ ကျေးဇူးဆပ်နိုင်ခဲ့ကြပါသည်ဘုရား။ ရှေးရှေးကျေးဇူးရှင်ဆရာတော်မြတ်ကြီးတို့၏ ဦးဆောင်မှု၊ အရှည်မြော်တွေးမှုတို့ကြောင့် ဆဋ္ဌ သင်္ဂါယနာတင် ဆရာတော်အရှင်မြတ်တို့သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးဝယ် ဓမ္မဝိနယ ညီညွတ်မှုကို ဆောင်ရွက်တော်မူကြရင်း ပုဂ္ဂလိကညီညွတ်မှုမှ ဂိုဏ်းပေါင်းစုံသံဃာ ညီညွတ်မှုကိုလည်း တစ်ပါတည်း ထမ်းဆောင်တော်မူနိုင်ခဲ့ကြပါသည်ဘုရား။ ၁၉၈၀ ပြည့်နှစ် မေလတွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်ထမြောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ဖွဲ့စည်းနိုင်ခဲ့ခြင်းသည်လည်း ဆဋ္ဌသင်္ဂါယနာတင် ဓမ္မဝိနယအောင်ပွဲ၊ သံဃဂဏ ပုဂ္ဂလညီညွတ်မှုအောင်ပွဲနှင့် ဆက်စပ်နိုင်ခဲ့သည့် သဘောကို လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား –**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်အရှင်သူမြတ်တို့သည်လည်း ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးတွင် အဦးအစမှပါဝင် တာဝန်ထမ်းဆောင်နေကြသည့် တာဝန်ရှိဆရာတော်များဖြစ်ကြပါသည်ဘုရား။ သို့ဖြစ်ရာ မျက်မှောက်ခေတ် သာသနာတော်မြတ်ကြီး၏ အခြေအနေကို ကြည့်ရှုသုံးသပ်တော်မူကြပြီး သာသနာတော်ကြီး ဂုဏ်သိက္ခာနိမ့်ကျညှိုးနွမ်း ဆုတ်ယုတ်သွားစေရန်၊ သာသနာတော်မြတ်ကြီး ပျက်စီးကွယ်ပျောက်သွားစေရန် ရည်ရွယ်၍ ကျင့်ကြံလုပ်ဆောင်နေကြသူ၊ ဟောပြောနေကြသူ၊ ရေးသားထုတ်ဝေနေကြသူ သာသနပစ္စတ္ထိက သာသနာ့ရန်သူ၊ သာသနာ့အန္တရာယ်တို့ကို မတားဆီးမပိတ်ပင်၊ လျစ်လျူရှုမနေကြဘဲ ဘုရားရှင်နှင့်တကွ ရှေးရှေးသာသနာတော်၏ ကျေးဇူးရှင်ကြီးများကို ကျေးဇူးဆပ်သောအားဖြင့် အစဉ်မပျက် ဂရုပြုကြောင့်ကြစိုက်ကြပါဟု လျှောက်ထားရင်း **သာရဏီယ**ဩဝါဒကထာကို အဆုံးသတ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

## နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမအစည်းအဝေး ပထမနေ့ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ မိသားစုက လှူဒါန်းသည့် ဓမ္မစကြာ မဟာဋီကာသစ် ကျမ်းကြီးနှင့် ဗုဒ္ဓဝါဒဆိုစဉ် စာအလင်္ကာများ စာအုပ်တို့ကို ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသက တင်သွင်းလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီဟကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမအစည်းအဝေး၊ ပထမနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။



ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ ကျောဖုံးမှ

အခမ်းအနားသို့ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာ ဝမ်ကျွန်းကျန်း၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ကွမ်းချန်း၊ နီပေါ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စရူဘီကူမာရီ သီရိလက်ာ၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အာဂျင်တီးနား၊ တောင်ကိုရီးယား၊ ချီလီ၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ အီတလီ အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ ဝန်ကြီးများ၊ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ သက်ဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခ(ငြိမ်း)များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများ၊ ဝန်ကြီးများ၊ ပညာရှင်များ၊ ကိုယ်စားလှယ်များနှင့် အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှီးဇန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး တရုတ်ပြည်သူ့ နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် (CPPCC) အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌက ဖိုရမ် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ယခုဖိုရမ်သည် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင် (KMGBF)၏ ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီစေရန် ပံ့ပိုးပေးမည့် ဟိမဝန္တာဒေသ တစ်လျှောက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် စကြံတစ်ရပ်ကို ဖန်တီးပေးသည့် အရေးကြီးသော အခမ်းအနား တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပညာရှင်အသိုင်းအဝိုင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ပေါင်းများစွာ မြှင့်တင်ခဲ့ကြောင်း၊ ထူးခြားထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းတစ်ခုမှာ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့အကြား ဆောင်ရွက်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး စီမံကိန်းဖြစ်ကြောင်း၊ နှစ်ဖက်စလုံးမှ သုတေသီများနှင့် သိပ္ပံပညာရှင်များသည် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ပူးတွဲသုတေသနလုပ်ငန်းများကို အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် အထူးအလေးထား ဆောင်ရွက်ခဲ့ကြပြီး အပင်၊ ငါး၊ ပင့်ကူနှင့် ပုစွန်မျိုးစိတ်သစ် အမြောက်အမြားကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အတူ တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာဗဟိုဌာန(ICIMOD)၏ တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူများ၏ လူနေမှုဘဝသာယာဝပြောရေးကို မြှင့်တင်ရန်အတွက် အထောက်အထား အခြေပြုဆုံးဖြတ်ချက်ချမှတ်ရာတွင် အခြေခံအဖြစ်အသုံးပြုနိုင်ရန် ဟိမဝန္တာဒေသရှိ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ မူဝါဒများ၊ မူဘောင်များနှင့် မဟာဗျူဟာများကို အကောင်အထည်ဖော်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကို ကျယ်ပြန့်သော ကဏ္ဍစုံချဉ်းကပ်မှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝအခြေခံသော ချဉ်းကပ်မှုများဖြင့် မူဝါဒများမှသည် ဟိမဝန္တာဒေသ တစ်လျှောက် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းများကို ဖြေရှင်းပေးနိုင်မည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ရေရှည်တည်တံ့စွာ အသုံးချခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် ပြည်သူအားလုံးပါဝင်ပြီး ထိရောက်သော လက်တွေ့လုပ်ဆောင်ချက်များဆီသို့ ကူးပြောင်းဖော်ဆောင်သွားရန် တိုက်တွန်းလိုကြောင်း။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများမှ ရရှိလာမည့် အပြန်အလှန်အကျိုးကျေးဇူးများကို အသိအမှတ်ပြုလျက် မြန်မာနိုင်ငံသည် ဟိမဝန္တာ တောင်တန်းဒေသ ဖြတ်ကျော်နိုင်ငံများနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ( Belt and Road Initiative) အတွင်း အကောင် အထည်ဖော်မည့် စီမံကိန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်သွားရန် ရည်မှန်းထားပါကြောင်း၊ ယခုဖိုရမ်သည် လူသားမျိုးနွယ်များနှင့် သဘာဝပတ်ဝန်းကျင်အကြား သဟဇာတဖြစ်မှု ခိုင်မာသေချာစေလျက် ဟိမဝန္တာဒေသ တစ်လျှောက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးလိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ အကြီးအကဲများ၊ ပညာရှင်များနှင့် အသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အမှာစကားများ ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖိုရမ်ကို ကျင်းပခြင်းအားဖြင့် ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအဆင့်ကို မြှင့်တင်ပြီး နိုင်ငံများအကြား ပူးတွဲပါဝင်ဆောင်ရွက်မှုကို အပြန်အလှန်ဖြစ်ထွန်းစေမှုတို့မှ တစ်ဆင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရလဒ်များကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အိန္ဒိယသမ္မတနိုင်ငံ၌ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၇**

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

**ဆွေးနွေး**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက်တွင် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်၍ အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ ရေကြောင်းလုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေး၊ စားနပ်ရိက္ခာနှင့်စွမ်းအင်ဖူလုံရေး စသည့်လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။




**တက်ရောက်**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်၁၅ ရက်ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ် ဒိုဗယ်လ် (Mr. Ajit Doval) က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်အတွင်း အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ် ဒိုဗယ်လ် (Mr. Ajit Doval) ၊ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဆမ်ပက်သူရကွန်သာ (Mr. Sampath Thuyacontha)၊ ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင်ဘန်ချွတ် (Mr. Chatchai Bangchuad) ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်၏ ကာကွယ်ရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အေကေအမ် ရှမ်ဆူလ်အစ္စလာမ် (Dr. AKM Shamsul Islam) တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် အပြန်အလှန်မျှဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာမျှဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ အပါအဝင်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံမှ လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ သံတမန်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လယ်ယာထွက်ကုန်များ တန်ဖိုးမြင့်ထုတ်လုပ်ရောင်းချနိုင်ရေး၊ MSME လုပ်ငန်း များနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းများ နှင့် မြစ်ကူးကြိုးတံတားများ ပြုပြင်ပေးနိုင်ရေး၊ ဝန်ထမ်း အိမ်ရာတည်ဆောက်ပေးနိုင်ရေး၊ မြေယာလျော်ကြေး ရရှိရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်း ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ရမည်းသင်း မဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၏ **ရမည်းသင်းမြို့နယ်တွင် နှစ်ရှည်သီးပင်စားပင်များ၊ ဥယျာဉ်လယ်ယာသီးနှံထွက်ကုန်များကို တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ဒေသထွက်ကုန်နှင့် တန်ဖိုးမြင့်ထုတ်ကုန် များကို လူသိများလာစေရန်နှင့် လက်ကားဖြန့်ချိသူများ နှင့် ချိတ်ဆက်မိစေရန်အတွက် ပြပွဲ၊ ပြိုင်ပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ဒီဂျစ်တယ်အသုံးပြု၍ MSME ထုတ်ကုန်များ ဈေးကွက်ကျယ်ပြန့်စေရန် အတွက် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စား နှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အနေဖြင့် www.emartmmp.gov.mm Platform ကို ၂၀၂၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး Online၊ Offline စနစ်များဖြင့် ဈေးကွက်ရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့ဒေသ စီးပွားရေးရေရှည်အောင်မြင်ရန် အတွက် နိုင်ငံတော်၏ ပံ့ပိုးမှုအပြင် ဒေသခံများ၊ လုပ်ငန်းရှင်ကိုယ်တိုင်၏ စိတ်ဝင်စားမှုနှင့် အားစိုက် ထုတ်မှုသည် အဓိကအကျဆုံးသော့ချက်ဖြစ်ပါ ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်းအတိုင်း ဈေးပေါပေါဖြင့် ရောင်းချခြင်းထက် တန်ဖိုးမြင့် ကုန်ချောအဖြစ် ပြောင်းလဲလိုသည့် စိတ်ဝင်စားမှု ရှိရမည်ဖြစ်သည့်အပြင် အစုအဖွဲ့ဖြင့် စနစ်တကျ စုဖွဲ့ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန / အဖွဲ့အစည်းများက ပံ့ပိုးဖွင့်လှစ်ပေးသော သက်ဆိုင်ရာသင်တန်းများ၊ အသိပညာပေးဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း နှင့် အရည်အသွေးထိန်းသိမ်းခြင်းတို့ကို ကိုယ်တိုင် တက်ကြွစွာ အားစိုက်ထုတ်ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ရမည်းသင်းမြို့နယ်တွင် နှစ်ရှည်သီးပင်စားပင် များ၊ ဥယျာဉ်လယ်ယာသီးနှံထွက်ကုန်များကို ကျေးရွာ အလိုက်ဖြစ်စေ၊ အိမ်ထောင်စုအလိုက်ဖြစ်စေ တန်ဖိုးမြင့်ထုတ်ကုန်များ (Value Added Goods) အဖြစ် ထုတ်လုပ်ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ဒေသခံများ၊ လုပ်ငန်းရှင်များကိုယ်တိုင် တက်ကြွသော အားစိုက်ထုတ်မှုများရရှိလာစေရန် မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီတို့၏ ပံ့ပိုးကူညီမှုများနှင့်အတူ အနီးကပ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း ၏ **MSME လုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်မည့်အစီအမံများ သိရှိ လိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME လုပ်ငန်းများ ရင်ဆိုင် နေရသော စိန်ခေါ်မှုများ (ဘဏ္ဍာရေး၊ နည်းပညာ၊



ဈေးကွက်)စသည်တို့ကို ဝန်ကြီးဌာနအနေဖြင့် သိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ငွေကျပ်ဘီလီယံ ၁၇၀ ဖြင့်အခိုင်အမာထူထောင်ထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ ရန်ပုံငွေအနက်မှ ငွေကျပ် ဘီလီယံ ၁၅၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ကျန်ရှိသည့် ရန်ပုံငွေကျပ် ဘီလီယံ ၂၀ ကို ချေးငွေ မဟုတ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ထိရောက်စွာခွဲဝေကျခံသုံးစွဲလျက် ရှိပါကြောင်း။

နိုင်ငံတော်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ ကို ထုတ်ပြန်ထားရှိပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ် ပေးရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက် လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက် ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် များ၏ လိုအပ်ချက်များကို စက်မှုလုပ်ငန်းနှင့်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဝင် ဝန်ကြီးဌာန များ၏ ဘဏ္ဍာငွေခွဲဝေရရှိမှုအရလည်းကောင်း၊ ဒေသ ဆိုင်ရာကော်မတီများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီများ၏ စက်မှုဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေမှ လည်းကောင်း၊ နှစ်အလိုက် ဦးစားပေးအစီအစဉ် အနေဖြင့် လျှပ်စစ်မီးအပြည့်အဝရရှိရေး၊ ကျွမ်းကျင် လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ထုတ်လုပ်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များအား ပိုမို ဖြည့်ဆည်းပေးနိုင်ရေးတို့ကို အစီအမံများချမှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဗဟိုကော်မတီ အနေဖြင့် မူဝါဒချမှတ်ခြင်းနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသဆိုင်ရာ ကော်မတီများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ များအနေဖြင့်အနီးကပ်ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြင့် အုပ်ချုပ်မှုအပိုင်း၊ ပေါင်းစပ် ညှိနှိုင်းမှုအပိုင်းများကို Zone Level, Regional Level, State Level အလိုက် ဖြည့်ဆည်းဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပိုင်းမှ ရွှေကျင်မှ မဲဇင်းအထိ ၅ မိုင်ခွဲခန့်ကို ကွန်ကရစ် လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမျိုးသန့်က ထူးကြီး - ရွှေကျင်လမ်းသည် စုစုပေါင်း အရှည် ၈ မိုင် ၃ ဖာလုံရှိပြီး ဧရာဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါ ကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကျောက်ခင်း လမ်း ၇ မိုင် ၂ ဖာလုံနှင့် အမာခံလမ်း ၁ မိုင် ၁ ဖာလုံ ဖြစ်ပြီး စုစုပေါင်း ၈ မိုင် ၃ ဖာလုံရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ထူးကြီး - ရွှေကျင်လမ်း ၈ မိုင် ၃ ဖာလုံအတွင်း လမ်းအရှည် ၄ ဖာလုံအား ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ပထမအဆင့်အနေဖြင့် အမာခံလမ်း ၁ မိုင် ၁ ဖာလုံအား ကျောက်ခင်းလမ်း အဖြစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေလျာထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ဖော်ပြပါလမ်းပိုင်းတွင် ရွှေကျင်မှ မဲဇင်းအထိ ကျောက်ခင်းလမ်း ၅ မိုင် ၂ ဖာလုံခန့်ကို ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအား ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ် ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာ ရွှေပြည်စိုး၏ **ဒဂုံမြို့သစ်ခရိုင်ကို ခရိုင်ချင်းဆက်လမ်း မှတစ်ဆင့် မြို့တော်ပတ်လမ်း တည်ဆောက်ရန်၊ ရန်ကုန်အဝင် အထူးဖွံ့ဖြိုးရေး ခရိုင်အဖြစ်သတ်မှတ်၍ စီးပွားရေးမြှင့်တင်ရန်နှင့် အထူးဖွံ့ဖြိုးတိုးတက်လာ အောင် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိ လိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒဂုံမြို့သစ်ခရိုင်သည် လူဦးရေနှင့် ဖွံ့ဖြိုးမှု အလားအလာအရ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ရေးဆွဲခဲ့သော ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း Master Plan တွင် မြို့ပြဗဟိုခွဲ(Sub-center) အဖြစ် သတ်မှတ်ထားသည့် ဧရိယာတစ်ခုဖြစ်ပါ ကြောင်း၊ Sub-center ဖြစ်သော ဒဂုံမြို့သစ်ခရိုင် ကို စနစ်တကျတိုးတက်လာစေရန်အတွက် ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီမှ ခရိုင် အတွင်းရှိလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်ခြင်း၊ ရေပေးဝေရေးစနစ် များ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အများပြည်သူ အပန်းဖြေရန် ပန်းခြံ၊ ကစားကွင်းများဆောက်လုပ် ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှု အဆောက်အအုံ များ ဆောက်လုပ်ဖြည့်ဆည်းခြင်းတို့ကို အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဒဂုံမြို့သစ်ခရိုင်အတွင်းတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ Smart District ဧရိယာပါဝင်သည့် အိမ်ရာစီမံကိန်းများ၊ အငှားအိမ်ရာ များ၊ စက်မှုဇုန်များကိုလည်း နှစ်အလိုက် အကောင် အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဒဂုံမြို့သစ် ခရိုင်အတွက် သီးသန့်မြို့တော်ပတ်လမ်းမ ထပ်မံ တည်ဆောက်ရန်မလိုအပ်ဘဲ လက်ရှိချိတ်ဆက် ထားပြီးဖြစ်သော Inner Ring Road / Outer Ring Road များနှင့် မြို့တွင်းချိတ်ဆက်လမ်းကွန်ရက်များ ကို အသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ဆောင်ရွက်ဆဲစက်မှုဇုန်များနှင့် မြို့ပြအခြေခံ အဆောက်အအုံလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း များကို ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်သွား ခြင်းဖြင့် ဒဂုံမြို့သစ်ခရိုင်သည် ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်ပါကြောင်း၊ Master Plan အရ Sub-center အဖြစ် သတ်မှတ်ပြီး စီမံကိန်းများဆောင်ရွက်ရန် ရှိပါသဖြင့် သီးခြားမြို့တော်ပတ်လမ်းအဖြစ် ထပ်မံ တည်ဆောက်ရန်နှင့် သီးခြားအထူးဖွံ့ဖြိုးရေးခရိုင် အဖြစ် ထပ်မံသတ်မှတ်ဆောင်ရွက်ရန် မရှိပါကြောင်း ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **မြစ်သာမြစ်ကူးကြိုးတံတား(ကလေးဝ)၏ တံတား ထိန်းကြိုးများအား ဆောလျင်စွာပြုပြင်ထိန်းသိမ်းရန် မည်သည့်အချိန်၊ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြစ်သာမြစ်ကူးကြိုးတံတား (ကလေးဝ)သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းပေါ်ရှိ မိုင်တိုင်(၁၁၅/၂ မှ ၁၁၅/၅)အကြားတွင် တည်ရှိပါကြောင်း၊ တံတား အမျိုးအစားမှာ သံမဏိသံပေါင်ကြိုးတံတားဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် တံတား သက်တမ်းမှာ ၂၂ နှစ်ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များ၏ ဖျက်ဆီးမှုကြောင့် ယာကြီးဘက်ကမ်း(ရေစုန်ဘက်ခြမ်း) တံတား၏ ပင်မကြိုးအချို့မှာ ပျက်စီးသွားခဲ့သဖြင့် ယခင်ခွင့်ပြု ထားသော တံတားခံနိုင်ဝန် တန် ၆၀ မှ ယခုအခါ လူစီးမော်တော်ယာဉ်ငယ်များနှင့် စုစုပေါင်း ၃ တန် အထိ တင်ဆောင်ထားသော ယာဉ်များသာ ဖြတ်သန်း ခွင့်ပြုထားပါကြောင်း။

ယာကြီးဘက်ကမ်း ရေစုန်ဘက်ခြမ်းရှိ ပင်မကြိုး အမှတ်(၁)နှင့် အမှတ်(၂)တို့အား ပြန်လည်ပြုပြင် နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြစ်သာမြစ်ကူးကြိုးတံတား (ကလေးဝ) ပြန်လည် ပြုပြင်နိုင်ရေးအတွက် အသေးစိတ်စစ်ဆေးတိုင်းတာ ခြင်း(Detail Inspection)၊ လိုအပ်သော ကြိုးတံတား ပစ္စည်းများအား ပြည်ပမှ မှာယူခြင်းနှင့် ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောလျင်စွာ ပြီးစီး နိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **မိုးကောင်း-ကာမိုင်း- ဖားကန့် ကားလမ်းမကြီးအား နိုင်လွန်ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မိုးကောင်း -ကာမိုင်း -ဖားကန့်လမ်းသည် မိုးကောင်း (ပါဟုတ်)-ကာမိုင်း လမ်းအရှည် ၁၇ မိုင်နှင့် လဝါး-ကာမိုင်း-လုံးခင်း-ဖားကန့် လမ်းပိုင်းအရှည် မိုင် ၄၀ ၇ ဖာလုံ စုစုပေါင်းအရှည် ၅၇ မိုင် ၇ ဖာလုံရှိပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းအား နယ်မြေဒေသ အခြေအနေများအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ ယနေ့အချိန်အထိ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် လမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်း ရပ်ဆိုင်းခဲ့ရပါ ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း နယ်မြေအခြေအနေ အရ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ရန်ပုံငွေလျာထား ခြင်း မရှိခဲ့ပါကြောင်း။

အဆိုပါလမ်းအား နိုင်လွန်ကတ္တရာ/ကွန်ကရစ် လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေး သော်လည်း နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင် သည့်အချိန်တွင်

**စာမျက်နှာ ၈ သို့** ❖

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်မြမြသက်၏ **နဝတ အစိုးရကာလ ၁၉၈၉ ခုနှစ်ကတည်းက မြို့ကွက်သစ်အဖြစ် တိုးချဲ့တည်ဆောက်ပေးခဲ့သည့် စစ်တွေမြို့၏ ရပ်ကွက်ကြီးတစ်ခုဖြစ်သော မင်းဂံရပ်ကွက်တွင် ကွန်ကရစ်လမ်း ထပ်မံခင်းပေးရန်ကျန်ရှိသော မြေသားလမ်းအရှည်ပေ (၈၀၅၄၀) အား ဘဏ္ဍာရေးနှစ်အလိုက် ပြီးပြည့်စုံအောင် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် မင်းဂံရပ်ကွက်၌ မြို့ပြစီမံကိန်းအရ တည်ဆောက်ထားသည့်ဈေးအား စည်ပင်ဥပဒေ၊ ဈေးအင်္ဂါရပ်နှင့်အညီ သပ်ရပ်သန့်ရှင်းစွာ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မင်းဂံရပ်ကွက်ရှိ လမ်းများအား နှစ်စဉ်ဘဏ္ဍာငွေခွဲဝေရရှိမှု အပေါ်မူတည်၍ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ကွန်ကရစ်လမ်း ၁၀ လမ်း၊ အရှည်ပေ (၂၁၉၀၀) နှင့် ကတ္တရာလမ်း ၄ လမ်း၊ အရှည်ပေ (၄၅၃၀) အား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မင်းဂံဆင်းလမ်း၊ အရှည်ပေ (၁၄၀၀)၊ အကျယ် (၂၄) ပေနှင့် ABC ကလေးဂေဟာသွား လမ်းအရှည် (၂၁၂၃) ပေ၊ အကျယ် (၁၈) ပေတို့အား အဆင့်မြှင့်တင်၍ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကျန်ရှိသည့် လမ်းသွယ်၊ လမ်းကြားများကိုလည်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်ခြင်း၊ ရေစီးရေလာအခြေအနေ စောင့်ကြည့်ခြင်းများဆောင်ရွက်ပြီး ပြည်သူလူထု အသုံးများသောလမ်းအလိုက် ဦးစားပေးလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မင်းဂံရပ်ကွက်ရှိလမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဦးစားပေးပြီး ဆောင်ရွက်သွားရန် ပြည်နယ်အစိုးရအဖွဲ့ကလည်း လမ်းညွှန်မှုပြုထားပြီးဖြစ်၍ နှစ်အလိုက် တိုးတက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ဈေးနှင့်ပတ်သက်၍ မင်းဂံဈေးသည် ဧရိယာ ၁ ဒသမ ၄၅ ဧက ကျယ်ဝန်းပြီး ပုဂ္ဂလိကဈေးဆိုင်ခန်း ၆၀ ခန့်ရှိသော ပျံကျဈေးဖြစ်ပါကြောင်း၊ ဈေးအဆင့်မြှင့်တင်ဆောင်ရွက်မည့် လုပ်ငန်းနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ် ဈေးသူဈေးသားများနှင့် ဆွေးနွေးညှိနှိုင်းမှု ဆောင်ရွက်ခဲ့သော်လည်း ဈေးသူဈေးသားများ၏ ဆန္ဒသဘောထားအရ ဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိခဲ့ပါကြောင်း၊ မင်းဂံဈေးနှင့်ပတ်သက်၍ ဈေးရုံများထိန်းသိမ်းခြင်း၊ ပြုပြင်ပေးခြင်းများကို စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် သား/ငါးရောင်းချသည့် (၆ x ၃၆) ပေ ဈေးရုံ (၁) ရုံ အား ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၃၃၀ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဈေးတွင်းသန့်စင်ခန်းပြုပြင်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မင်းဂံဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လတ်တလောတွင် ဈေးရောင်းချသူများနည်းပါးသော်လည်း ဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဈေးသူဈေးသားများနှင့် ညှိနှိုင်းပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့၊ ဟူးကောင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ (၁၂၀x ၂၀x၁၂) ပေ တစ်ထပ်ကျောင်းဆောင် သွပ်မိုး၊ တမံသလင်းခင်း၊ အုပ်ညှပ်(ပင်မဆောင်)အား ဖျက်သိမ်းခွင့်ပြုရန်နှင့် ပေ (၁၃၀x၃၀) RC (၂)ထပ် အစားထိုးကျောင်းဆောင်သစ်တစ်ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် အန္တရာယ်ဆောင် ပေ (၁၂၀ x၂၀) သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ညှပ် (၁)ထပ်ဆောင်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ဆောင်၊ ပေ (၆၀ x ၂၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ဆောင်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ဆောင် စုစုပေါင်းကျောင်းဆောင် (၄)ဆောင်ရှိပြီး စာသင်ခန်း (၉) ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း။

ကျောင်းသား၊ ကျောင်းသူ (၅၃၈)ဦး၊ စာသင်ခန်း (၉)ခန်းရှိသည့်အတွက် အဆိုပါ ဟူးကောင်း-အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် စာသင်ခန်း(၅) ခန်းလိုအပ်နေပါကြောင်း၊ အန္တရာယ်ဆောင် ပေ (၁၂၀ x ၂၀) သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ညှပ် (၁) ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ (၁၁၀ x ၃၀) RCC (၂)ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေ ခွဲဝေရရှိမှု အပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့၊ ကင်ဆားရာရပ်ကွက်အတွင်းရှိ ကင်ဆားရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် အလယ်တန်းအဆင့်ကျောင်းသားဦးရေ (၂၄၀) အထက်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများ၊ သဘာဝဘေးအန္တရာယ် အတားအဆီးရှိသော ဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၂)မိုင်အထက် ကွာဝေးခြင်း၊ သွားလာရလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၃)မိုင်အထက် ကွာဝေးခြင်း၊ မြေပိုင်ဆိုင်မှု (၅)ဧကရှိရန်တို့ လျာထားသတ်မှတ်ထားရှိပါကြောင်း။

သို့ပါ၍ ကချင်ပြည်နယ်၊ တနိုင်းမြို့၊ ကင်ဆားရာ-အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)တွင် အလယ်တန်းအဆင့်ကျောင်းသား (၃၃၂)ဦး ရှိသော်လည်း ပင်မကျောင်းဖြစ်သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် (၀ ဒသမ ၃)မိုင်သာ ကွာဝေးပါသဖြင့် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် သတ်မှတ်ထားသော လျာထားချက်နှင့် ကိုက်ညီမှုမရှိပါသဖြင့် အဆင့်တိုးမြှင့်ပေးရန် လတ်တလော ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် အဆောက်အအုံလိုအပ်နိုင်သည့် အခြေအနေအပေါ် ကွင်းဆင်းစစ်ဆေးပြီး ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်ဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့၊ ဒူးကောင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ (၁၀၀x ၂၄x၁၃)ပေ တစ်ထပ်ဆောင်သွပ်မိုး၊ ပျဉ်ထောင်/ထရံကာ၊ ပျဉ်ခင်း(ပင်မဆောင်)အား ဖျက်သိမ်းရန်နှင့် ပေ (၁၃၀x၃၀) RC ကျောင်းဆောင်သစ်တစ်ဆောင် အစားထိုးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စာသင်ဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် အန္တရာယ်ဆောင်(၁၀၀x၂၄) ပေ သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ညှပ် (၁)ထပ်၊ ပေ (၁၀၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်၊ ပေ (၆၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်၊ ပေ (၄၀ x ၃၀) ယာယီဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းဆောင် (၅) ဆောင် စာသင်ခန်း(၁၂)ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသား ကျောင်းသူ(၇၂၀) စာသင်ခန်း (၁၂)ခန်းရှိသည့်အတွက် အဆိုပါ ဒူးကောင်း-အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းသား/တန်းခွဲအရ စာသင်ခန်း (၆)ခန်းလိုအပ်လျက်ရှိပါကြောင်း၊ အန္တရာယ်ဆောင် (၁၀၀ x ၂၄) ပေ သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ညှပ် (၁)ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ (၁၁၀ x ၃၀) RCC(၂)ထပ် ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေး အစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ထွက်ခွာသည့်အခါ အာမခံထားသူ ပြည်သူများ၏ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ/နည်းဥပဒေပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေက တင်သွင်းရာတွင် အာမခံစနစ်သည် ပြည်သူများ၏ စီးပွားရေးလုံခြုံမှုနှင့် မျှော်လင့်ချက်တို့ကို အာမခံပေးသည့် အရေးကြီးသောစနစ်ဖြစ်ပါကြောင်း၊ သို့သော် ကုမ္ပဏီတစ်ခုရပ်ဆိုင်းသွားပါက (သို့မဟုတ်) ရုတ်တရက် ထွက်ခွာသွားပါက ပေးသွင်းပြီး အာမခံကြေးများ ဆုံးရှုံးနိုင်ခြင်း၊ လျော်ကြေးမရနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်ပေါ်နိုင်ပါကြောင်း။**

မြန်မာနိုင်ငံတွင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်း အနည်းငယ်သာရှိပါကြောင်း၊ မြန်မာနိုင်ငံသားပြည်သူအများစုသည် အာမခံ၏အဓိပ္ပာယ်၊ အာမခံထားခြင်း၏ အကျိုးအပြစ်များကို သိရှိသူအလွန်နည်းပါးပြီး လူဦးရေ (၁ ရာခိုင်နှုန်း) အောက်သာ အာမခံထားရှိသည်ဟု သိရပါကြောင်း၊ ထို့ကြောင့် ပြည်သူများကို အာမခံလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သည့် ဗဟုသုတများကို ဖြန့်ဝေပေးပါက ကောင်းမွန်မည်ဟု ထင်မြင်မိပါကြောင်း။

ပိတ်သိမ်းထွက်ခွာခြင်းမရှိသေးသော အချို့သောပြည်ပကုမ္ပဏီများလည်း ရှိနေသေးသောကြောင့် နောက်ထပ်တူညီသည့် ဖြစ်စဉ်ကဲ့သို့ ပေါ်လာပါက ပြည်သူများ၏ အခွင့်အရေးများ မဆုံးရှုံးစေရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများမှ အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund)အဖွဲ့အစည်းတစ်ခုကို အာမခံကုမ္ပဏီများမှ အချိုးကျထည့်ဝင်ငွေဖြင့် နိုင်ငံတော်အဆင့် ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ပါကြောင်း၊ အာမခံကုမ္ပဏီတစ်ခု ရပ်ဆိုင်းခြင်း(သို့မဟုတ်) ရုတ်တရက်ထွက်ခွာသွားခြင်းများရှိပါက မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီတစ်ခုအပေါ်သို့ ပေါ်လစီများ လွှဲပြောင်းပေးနိုင်သည့်စနစ်ကို ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးပါက ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ နစ်နာသူပြည်သူများအတွက် အမြန်ဆုံးကာကွယ်စောင့်ရှောက်ဆောင်ရွက်ပေးပါရန် တိုက်တွန်းတင်ပြအပ်ပါကြောင်း။

ထို့ပြင် အာမခံကုမ္ပဏီတစ်ခုခု လုပ်ငန်းရပ်ဆိုင်းမှု သို့မဟုတ် ထွက်ခွာသွားမှုများရှိပါက ပြည်သူများ သိရှိအောင် သတင်းထုတ်ပြန်ရန်နှင့် အာမခံပြည်သူများ ရပိုင်ခွင့်မဆုံးရှုံးစေရန် ကြီးကြပ်ခြင်း၊ ပွင့်လင်းမြင်သာမှုစနစ်များကို ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သလို တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုံခြုံမှုများကဲ့သို့ အာမခံစနစ်သည်လည်း ပြည်သူများအတွက် အရေးကြီးသော အကာအကွယ်တစ်ခု ဖြစ်ပါသဖြင့် ဥပဒေစနစ်ခိုင်မာရေးကို ပြည်ထောင်စုအစိုးရအနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးသင့်ပါကြောင်း တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်မာရီအားမူက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအားလွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ဇူလိုင် ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

# အမည်မည်းနှင့် အမြဲမနေစေလို

**အမည်မည်း(Black List) ဟူသည် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား စည်းကမ်းဖောက်ဖျက်မှု၊ ရာဇဝတ်မှု သို့မဟုတ် မသမာမှုများကြောင့် သတ်မှတ်ထားသော လုပ်ငန်း၊ နိုင်ငံ သို့မဟုတ် အသိုင်းအဝိုင်းတစ်ခုတွင် ပါဝင်ခွင့်၊ သွားလာခွင့် သို့မဟုတ် လုပ်ကိုင်ခွင့်ပိတ်ပင်ခံထားရသည့် စာရင်းတွင် ထည့်သွင်းခံရခြင်းကို ဆိုလိုသည်။**

ပီပီအိုင်ဘီ

အမည်မည်း (Black List) စာရင်း ထည့်သွင်းခံရသူများသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအပါအဝင် ခရီးထွက်ခွာရာတွင် တားဆီးပိတ်ပင်ခံရခြင်း စသည့် လူသားတစ်ဦးရသင့်ရှိသင့်သော လူမှုစီးပွားဘဝ မရရှိနိုင်ဘဲ အခွင့်အရေးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားလည်ပတ်နိုင်ရေး ဆောင်ရွက်ခြင်းကို နိုင်ငံတော်အာဏာသိမ်းသည်ဟု မဟုတ်မမှန်စွပ်စွဲပြီး သွေးထိုးလှုံ့ဆော်၊ ဆူပူအကြမ်းဖက်မှုများဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင် လူတချို့က လုပ်ဆောင်ခဲ့ကြသည်။

နိုင်ငံအတွင်း ဆူပူဆန္ဒပြမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ဌာနဆိုင်ရာ ဝန်ထမ်းများကို အဓိကဦးတည်၍ Civil Disobedience Movement (CDM) ပြုလုပ်စေရန် လှုံ့ဆော်ခဲ့ကြသည်။ လုပ်ငန်းခွင် မဝင်ရောက်ရေးအတွက် ဝန်ထမ်းများကို လှုံ့ဆော်စည်းရုံးခဲ့ကြသည်။ ၎င်းတို့၏အမြင်တွင် ဝန်ထမ်းများ လုပ်ငန်းခွင် မဝင်ရောက်ပါက အစိုးရယန္တရား ပျက်ယွင်းမည်ဟူသည့် ယူဆချက်ဖြင့် နည်းမျိုးစုံသုံးကာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ လက်တွေ့တွင် CDM ဆောင်ရွက်သူ နိုင်ငံ့ဝန်ထမ်းအချို့ရှိခဲ့သော်လည်း မည်သည့်ဝန်ကြီးဌာနမျှ လုပ်ငန်းများ ရပ်တန့်သွားခြင်းမရှိဘဲ ပုံမှန်အတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။

အခြေခံလူ့အခွင့်အရေးများအရ လူတိုင်းသည် မိမိသဘောဆန္ဒအလျောက် လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်။ သို့သော် ထိုလွတ်လပ်မှုများသည် သူတစ်ပါးအား ထိပါး၍ မရပါ။ မသမာသူတချို့က ဒီမိုကရေစီလူ့အခွင့်အရေးကို လိုရာပုံဖော်ကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ဝန်ထမ်းများအား အုပ်စုဖွဲ့၍ အတင်းအကျပ်ဖိအားပေးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်ရစေရန် ပြုမူပြောဆိုခြင်းများအထိ ဥပဒေချိုးဖောက်မှုများကို ပြုလုပ်ခဲ့ကြပါသည်။ ထိုသို့ ဖိအားပေးမှုအမျိုးမျိုးအောက်တွင် မိမိစိတ်ဆန္ဒမပါဝင်သော်လည်း ကျရောက်လာနိုင်သည့် အန္တရာယ်များကိုထောက်ချင့်၍ အများနည်းတူ မိုးခါးရေသောက်ကာ CDM ပြုလုပ်ခဲ့ရသော နိုင်ငံ့ဝန်ထမ်းများလည်း ရှိခဲ့ကြပါသည်။

**ဝန်ထမ်းတိုင်းသည် မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် တာဝန်ထမ်းဆောင်နေကြသူများမဟုတ်ပါ။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရသူများ ဖြစ်ပါသည်။ နိုင်ငံတော်တွင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် အဓိကတာဝန်ထမ်းဆောင်ကြရသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။**

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်အချို့ကို ထုတ်နုတ်၍ ဖော်ပြရလျှင် "ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)တွင် နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်"ဟု လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ တွင် "ဝန်ထမ်းသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်းတို့ကို လိုက်နာရန် တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

> **ဒီမိုကရေစီဆိုသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ၊ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟုဆိုသော်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်သည်။ "လူညီရင် ဤကို ကျွဲဖတ်သည်"ဟူသည့် ပုံစံမျိုးသွား၍မရပေ။ ပါတီစုံဒီမိုကရေစီစနစ်အရ ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ပြည်သူများ၏ ဆန္ဒနှင့်အညီ အစိုးရတစ်ရပ်ကို ရွေးချယ်ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်၏အသက်မှာ ရွေးကောက်ပွဲတရားမျှတရေးပင်ဖြစ်သည်။**

ထိုသို့သော နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကို အကြောင်းအမျိုးမျိုးကြောင့် လိုက်နာမှုမရှိခဲ့ကြသူများကို နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိန်းကျောင်းတည့်မတ်နိုင်ရန်အတွက် အမည်မည်းစာရင်း(Black List) ထည့်သွင်းကာ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

မိမိတို့နိုင်ငံ၏ လူဦးရေ ၅၁ သန်း ကျော်အနက် နှစ်ရာခိုင်နှုန်းခန့်ဖြစ်သည့် တစ်သန်းခန့်သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းမှုများ၊ လုပ်ငန်းလည်ပတ်မှုယန္တရားများ စနစ်တကျခိုင်မာအားကောင်းရန်လိုအပ်ပြီး ပြည်သူများ၏ လိုလားချက်များ၊ လိုအပ်ချက်များကို ချောမွေ့မြန်ဆန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော ပြည်သူ့တာဝန်ထမ်းနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရေး၊ နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော ဝန်ထမ်းယန္တရားတစ်ခုအဖြစ် တံတားကောင်းလျှင် ကောင်းသည့်အလျောက် ကူးသန်းသွားလာရသည်မှာ လွယ်ကူချောမွေ့သည်။

တံတားမကောင်းလျှင် ကူးသန်းသွားလာရာတွင် အခက်အခဲရှိနိုင်သည်။ တစ်နည်းအားဖြင့် အစိုးရနှင့်ပြည်သူတို့ ဆက်ဆံရေးပြေပြစ်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံတွင် ဝန်ထမ်းများ အရည်အသွေးမြင့်မားပြီး ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာရန် အရေးကြီးသည့်အားလျော်စွာ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သည်။ ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့် ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများ၊ ခံစားခွင့်များ၊ ဌာနဆိုင်ရာ အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ကြရမည်ဖြစ်သည်။

စိတ်ခံစားမှုကိုယ်စီနှင့် ယုံကြည်ချက်၊ ခံယူချက်အပေါ်မူတည်ပြီး စိတ်ခံစားချက်များရှိနိုင်သကဲ့သို့ ပတ်ဝန်းကျင်စေ့ဆော်မှုကြောင့်လည်း စိတ်ခံစားမှုများ ပြောင်းလဲတတ်ကြသည်။ စိတ်ခံစားချက်ကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ မလိုမုန်းထားခြင်း၊ ဆန့်ကျင်ခြင်း၊ ပေါင်းစုခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ ကိန်းအောင်းလာတတ်ကြသည်။ စိတ်ခံစားချက်ကိုသာ ဦးစားပေး၍ အမှားနှင့်အမှန်ကို ခွဲခြားသိမြင်နိုင်သော ဉာဏ်ပညာဆိုသည့် ချွန်းအုပ်ပြီး ထိန်းချုပ်ကာ မဆောင်ရွက်နိုင်ပါက စစ်မှန်သည့် ကောင်းကျိုးချမ်းသာ ရရှိမည်မဟုတ်ပါ။

**ဒီမိုကရေစီဆိုသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ၊ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ်ဆောင်ရွက်ရခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟုဆိုသော်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်သည်။ "လူညီရင် ဤကို ကျွဲဖတ်သည်"ဟူသည့် ပုံစံမျိုးသွား၍မရပေ။ ပါတီစုံဒီမိုကရေစီစနစ်အရ ငါးနှစ်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ပြည်သူများ၏ ဆန္ဒနှင့်အညီ အစိုးရတစ်ရပ်ကို ရွေးချယ်ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်၏ အသက်မှာ ရွေးကောက်ပွဲတရားမျှတရေးပင်ဖြစ်သည်။**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများကို မသိကျိုးကျွန်လျစ်လျူရှုပြီး အစိုးရဖွဲ့၍ နိုင်ငံတော်အာဏာကိုရယူရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ဖျက်ဆီးခဲ့ခြင်းပင်ဖြစ်သည်။ ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံတော်သမ္မတတို့က မဲမသမာမှုများကို ဖြေရှင်းခြင်းမပြုဘဲ ဒီမိုကရေစီကျင့်စဉ်နှင့် မလျော်ညီသော နည်းလမ်းများဖြင့် နိုင်ငံတော်အချုပ်အခြာအာဏာကို ရယူရန်အတွက် တတိယအကြိမ်လွှတ်တော်ခေါ်ယူကာ အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကိုသာ အဓမ္မနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ မလွှဲမရှောင်နိုင်သော အခြေအနေဖြစ်ပေါ်လာပြီး မည်သို့မျှ ညှိနှိုင်းအဖြေရှာ၍ မရတော့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နိုင်ငံရေးအခင်းအကျင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် တတိယအကြိမ် လွှတ်တော်များကို ခေါ်ယူကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရတစ်ရပ်လည်း ပေါက်ပေါက်လာပြီဖြစ်ကာ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအပေါ် ခိုင်မာစွာ လျှောက်လှမ်းနေပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်နေ၍ စိုးရိမ်ပူပန်စိတ်ဖြင့် အခြားနေရာများသို့ ရှောင်တိမ်းနေသည်ကို သိရှိရသည့်အတွက် အဆိုပါဝန်ထမ်းများအနေဖြင့် မိမိတို့ရောက်ရှိနေသည့် နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့လည်းကောင်း၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ဆက်သွယ်ပါရန်နှင့် ဆက်သွယ်လာသူများအား စိစစ်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည့် ဝန်ထမ်းများနှင့် ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံပြီးသော်လည်း Black Lists ဝင်နေသူများအား အမည်မည်းစာရင်း(Black Lists)မှ ဖြေလျှော့ပေးလျက်ရှိပါကြောင်း နိုင်ငံတော်အစိုးရအနေဖြင့် သတင်းထုတ်ပြန် ဖိတ်ခေါ်ပေးလျက်ရှိပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ရရှိအောင် ထိန်းသိမ်းနိုင်ရန်အတွက် အမည်မည်း စာရင်းတွင် ပါဝင်ခဲ့ကြသော်လည်း ထိုသို့ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အကြောင်းအမျိုးမျိုးဖြင့် အမည်မည်းစာရင်းတွင် ပါဝင်နေကြသူများအား အမည်မည်းစာရင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် အဆိုပါဝန်ထမ်းများအား မိမိတို့ရောက်ရှိနေသည့် အရပ်တွင်ရှိသည့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများ၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ပြန်လည်သတင်းပို့ဆက်သွယ်ကြရန် ၁၂-၇-၂၀၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ထိုသို့ သတင်းပို့ဆက်သွယ်လာသည့် **ဌာနကင်းကွာဝန်ထမ်း ၇၂၉၄ ဦးကို** အမည်မည်းစာရင်းမှ ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ အကြောင်းအမျိုးမျိုးဖြင့် ဌာနကင်းကွာဝန်ထမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနကင်းကွာမှုအခြေအနေပေါ်မူတည်ပြီး စိစစ်တင်ပြလာပါက အမည်မည်းစာရင်း (Black List) ရေးသွင်းခံထားရခြင်းမှ ပယ်ဖျက်ပေးလျက်ရှိသဖြင့် သတင်းပို့ဆက်သွယ်ရန်ကျန်ရှိနေသူများသည်လည်း အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် သတင်းပို့ဆက်သွယ်ကြရန် ၃၁-၁-၂၀၂၆ ရက်နေ့တွင် ထပ်မံကြေညာချက် ထုတ်ပြန်ထားရှိပါသည်။

**အမည်မည်းစာရင်းတွင် ပါဝင်နေဆဲ ဌာနကင်းကွာဝန်ထမ်းများအနေဖြင့် အမည်မည်းစာရင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည့် မိမိတို့ရောက်ရှိရာ အရပ်ဒေသမှတစ်ဆင့် မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့် ဌာနများသို့ သတင်းပို့ ဆက်သွယ်ပေးကြရန် လိုအပ်ပါသည်။ သို့မှသာ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်တင်ပြပြီး အမည်မည်းစာရင်းမှ ပယ်ဖျက်ရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် ယခုကဲ့သို့ ထုတ်ပြန်ပေးနေမှုများကိုသိရှိပြီး သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများသို့ အမြန်ဆုံးဆက်သွယ်ကြရန် အမည်မည်းနှင့် အမြဲမနေစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။** ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာ - ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း (MYANMAR-RUSSIA JOINT EXERCISE(TIGER-2026)) ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ခဲ့သည့် တပ်ဖွဲ့ဝင်များအား မြန်မာ - ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

စစ်မြေပြင်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးအတွက် လေ့ကျင့်ဆောင်ရွက်သည့် **မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခန်း MYANMAR–RUSSIA JOINT EXERCISE(TIGER–2026)** ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိ တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း လေ့ကျင့်ရေးနယ်မြေ၌ ကျင်းပပြုလုပ်ရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လေ့ကျင့်ခန်းသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းပြုလုပ်မည့် ရှုရပ်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက လေ့ကျင့်ခန်းဆိုင်ရာ

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တက်ရောက်လာကြသူများသည် မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခန်း MYANMAR – RUSSIA JOINT EXERCISE( TIGER – 2026) လေ့ကျင့်ခန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်ဆောင်ရွက်ခဲ့မှု Video Click အား ကြည့်ရှုကြသည်။

၎င်းနောက် လေ့ကျင့်ခန်း အောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် Quadcopter Drone နှစ်စင်းဖြင့် မြန်မာနှင့် ရုရှား နှစ်နိုင်ငံအလံများအား ချိတ်ဆွဲ၍ ဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံများကြား ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်မှတ်တိုင် တစ်ခုဖြစ်သော မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်း လေ့ကျင့်ခန်းကို အောင်အောင်မြင်မြင် ပြီးဆုံးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အတွေ့အကြုံများ အပြန်အလှန် နှီးနှောဖလှယ်ခြင်း၊ ဆွေးနွေးသုံးသပ်ခြင်း၊ လက်တွေ့

ပေါင်းစပ်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုတို့ကို ကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာ – ရုရှား ပူးပေါင်းအဖွဲ့များက လေ့ကျင့်ခန်း အစီအစဉ်များအတိုင်း ပြုလုပ်ကြရာ Drone အဖွဲ့က ရန်သူ့နယ်မြေအတွင်း ကင်းထောက် Drone ဖြင့် ကင်းထောက်ခြင်း၊ စီးနင်းတိုက်ခိုက်ရေးအဖွဲ့များက ရဟတ်ယာဉ်ဖြင့် ယာဉ်ဆင်းရပ်သို့ ဆင်းသက်ခြင်း၊ Sniper အဖွဲ့က ရန်သူ့အဖွဲ့ငယ် နေရာများအား စနိုက်ပါဖြင့် ပစ်ခတ်ခြင်း၊ FPV၊ Heavy Drone တို့ဖြင့် ကြိုတင်ချေမှုန်းခြင်း၊ တိုက်စစ် စီမံချက်ပါအတိုင်း လေ့ကျင့်ခြင်းတို့ ဆောင်ရွက်ခြင်း၊ ရည်မှန်းချက်အသီးသီးသို့ တိုက်ပွဲလုပ်ငန်း အဆင့်အလိုက် ထိုးဖောက်ဝင်ရောက်၍ ရန်သူကိုချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးကို သိမ်းပိုက်ခြင်းများ ဆောင်ရွက်၍ လေ့ကျင့်ခန်းပြီးဆုံးခဲ့သည်။

ဂုဏ်ယူဝင့်ကြွားစွာ သယ်ဆောင်ပျံသန်းချီတက်ကြသည်။

ယင်းနောက် လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ခဲ့သည့် တပ်ဖွဲ့ဝင်များအား မြန်မာ -ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်း လေ့ကျင့်ခန်း လက်တွေ့ပူးပေါင်း လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ကြကာ အပြန်အလှန် လေးစားယုံကြည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အတူတကွ လက်တွဲလုပ်ဆောင်ခွင့်ရခဲ့ခြင်း၊ အကောင်းဆုံး လက်တွေ့ လုပ်ဆောင်ချက်များကို အပြန်အလှန်သင်ယူခွင့်ရခဲ့ပြီး ထိရောက်သည့် ဖြေရှင်းနည်းများကို အတူတူရှာဖွေနိုင်ခဲ့ခြင်းများသည် များစွာတန်ဖိုးရှိပါကြောင်း၊ ယခုရရှိခဲ့သည့် အသိပညာနှင့် အတွေ့အကြုံများကို နောင်များတွင်လည်း အောင်အောင်မြင်မြင် ပြန်လည်အသုံးချနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုတည်ဆောက်နိုင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် လုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုများသည် လည်း ဆက်လက်ပြီး ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ကျွမ်းကျင်မှုအပြည့်နှင့် တာဝန်သိစိတ်ရှိရှိ အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက် ပေးခဲ့ကြသော တက်ရောက်လာကြသည့် အကြီးအကဲများ၊ နည်းပြများ၊ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်မှုများသည် ရှေ့ဆက်၍လည်း ပိုမိုခိုင်မာလာမည်ဖြစ်သကဲ့သို့ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် မိတ်ဖက်အဖြစ် ဆောင်ရွက်မှုများနှင့် မိမိတို့နိုင်ငံများကြား ဆက်ဆံရေးပိုမိုတိုးတက်ရန် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်အထူးတပ်ဖွဲ့နှင့် ရုရှားတပ်ဖွဲ့များပူးပေါင်းပြီး ရန်သူ့လှုပ်ရှားနယ်မြေအတွင်း အခိုင်အမာခြေကုပ်ယူထားသော အချက်အချာကျသည့် ရန်သူ့တောင်ကုန်းကို တိုက်ခိုက်ချေမှုန်းသည့် တပ်ပါတိုက်စစ် လေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်း၊ ရန်သူအခြေပြုထားသည့် ပင်မတောင်ကုန်းနှင့် ရန်သူများ ဖြန့်ခွဲတည်ရှိသော နေရာများကို UAV၊ Drone၊ Sniper များ အသုံးပြုပြီး အထူးတပ်ဖွဲ့များဖြင့် ချေမှုန်းတိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း။


လေ့ကျင့်ခန်းတွင် မြန်မာ့တပ်မတော်ကာကွယ်ရေးပစ္စည်း စက်ရုံများမှ ထုတ်လုပ်သည့် စစ်လက်နက် ပစ္စည်းများနှင့် ရုရှားတပ်မတော်က လက်ရှိအသုံးပြုလျက်ရှိသည့် နည်းပညာမြင့်မားသည့် စစ်လက်နက်ပစ္စည်းများကိုပေါင်းစပ်ပြီး အသုံးပြုတိုက်ခိုက်ကြသည်ကို တွေ့မြင်ရသည့်အတွက် လေ့ကျင့်ခန်းတွင် ကိုယ်တိုင်ပါဝင် လေ့ကျင့်သည့် တပ်ဖွဲ့ဝင်များနှင့်မိမိတို့ ကြည့်ရှုလေ့လာသူများအတွက် များစွာ အကျိုးရှိစေကြောင်း၊ ထို့အပြင် မိမိတို့၏ **စာမျက်နှာ ၁၁ သို့** ☆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich တို့ အထိမ်းအမှတ်တံဆိပ် အပြန်အလှန်ပေးအပ်စဉ်။



မြန်မာ – ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းပြုလုပ်စဉ်။



လေ့ကျင့်ခန်းအောင်မြင်စွာဆောင်ရွက်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် Quadcopter Drone နှစ်စင်းဖြင့် မြန်မာနှင့် ရုရှား နှစ်နိုင်ငံအလံများအား ချိတ်ဆွဲ၍ ဂုဏ်ယူဝင့်ကြွားစွာ သယ်ဆောင်ပျံသန်း ချီတက်ကြစဉ်။

**MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် ကြည်းတပ်များအကြား ပထမဆုံးအကြိမ် ပူးတွဲလေ့ကျင့်ခန်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး လေ့ကျင့်ခန်းတွင် အသုံးပြုရန် ရုရှားနိုင်ငံက ယူဆောင်လာသည့် စစ်လက်နက်ပစ္စည်းများကို လက်တွေ့ကိုင်တွယ်လေ့ကျင့် အသုံးပြုခွင့်ရရှိခဲ့ခြင်းကလည်း နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုပြီးနက်ရှိုင်းစေမည်ဖြစ်**

☆ စာမျက်နှာ ၁၀ မှ

အထူးတပ်ဖွဲ့ဝင်များနှင့် ရုရှားတပ်ဖွဲ့များအားလုံး စစ်မြေပြင်တွင် ရဲဘော်ရဲဘက်စိတ် ပြည့်ဝစွာဖြင့် ဟန်ချက်ညီစွာ လှုပ်ရှားတိုက်ပွဲဝင်နေသည့် ပုံရိပ်ကိုလည်း တွေ့မြင်ခံစားရမိပါကြောင်း။

တိုက်ပွဲဖြစ်ပွားမှုနှင့် အတူ စစ်ဆင်ရေး နယ်မြေအတွင်းမှ ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင်များကိုလည်း ရန်သူ့ပစ်ခတ်မှုအောက် အန္တရာယ်ရှိသည့် တိုက်ပွဲနယ်မြေအတွင်းမှ ကယ်ထုတ်ရန်အတွက် မောင်းသူမဲ့ Robotic သူနာတင်ယာဉ်ဖြင့် အချိန်မဆိုင်းဘဲ လျင်မြန်စွာလှုပ်ရှား၍ ရွှေ့ပြောင်းသယ်ယူဆောင်ရွက်ပုံကိုလည်း လေ့လာ တွေ့မြင်ရကြောင်း၊ အလားတူ ယနေ့ခေတ်သစ်စစ်ပွဲတစ်ခု၏ အသွင်သဏ္ဌာန်ဖြစ်သည့် မျက်မှောက်ခေတ် စစ်မြေပြင်တွင် ရန်သူထိခိုက်ကျဆုံးမှု များပြားအောင် ထိရောက်စွာချေမှုန်းနိုင်သည့် Drone၊ FPV များ၏ စွမ်းဆောင်ရည်နှင့် အသုံးပြုတိုက်ပွဲဝင်ပုံကိုလည်း လေ့လာကြည့်ရှုခွင့်ရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုက ရေးနှစ်ပေါင်းများစွာမှ ယခုအထိ တိုးတက်ခိုင်မြဲလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးသည် ရင်းနှီးနွေးထွေးစွာဖြင့် တန်ဖိုးထား ထိန်းသိမ်းခဲ့ရာမှာ ယနေ့အထိဖြစ်ကြောင်း၊ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိပြီး နှစ်ဖက်တပ်မတော်အကြီးအကဲများနှင့် အဆင့်မြင့် အရာရှိကြီးများ၏ အပြန်အလှန်ခရီးစဉ်များ လည်းပတ်လျက်ရှိကြောင်း။

ရုရှားတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့အကြား လေ့ကျင့်ခန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရုရှားနိုင်ငံတွင် ပြုလုပ်ခဲ့သော Caucasus 2020 (Kavkaz)နိုင်ငံတကာ စစ်ရေးလေ့ကျင့်ခန်း၊ ၂၀၂၃ ခုနှစ် ရုရှားနိုင်ငံ အရှေ့ပိုင်းဗလာဒီဗော့စတော့ခ်မြို့တွင်ပြုလုပ်သည့်အာဆီယံအပေါင်းအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းအဖွဲ့ မြေပြင်လက်တွေ့လေ့ကျင့်ခန်း၊ နိုင်ငံစုံပါဝင်လေ့ကျင့်သည့် Army Game ပြိုင်ပွဲများ၊ နှစ်နိုင်ငံ ဗိုလ်လောင်းများ၏ အားကစားပြိုင်ပွဲများ စသည့် ကဏ္ဍမျိုးစုံတွင် မြန်မာ့တပ်မတော်က ပူးပေါင်းပါဝင်ခဲ့ပြီး နိုင်ငံတကာ အတွေ့အကြုံများစွာကို ရရှိစေခဲ့ပါကြောင်း၊ ၎င်းအတွေ့အကြုံ များသည် မိမိတို့ မြန်မာ့တပ်မတော်၏ ခေတ်မီတပ်မတော် Standard Army တည်ဆောက်ရေးအတွက် စွမ်းရည်မြှင့်တင်ရာတွင် အထောက်အကူများစွာ ဖြစ်စေပါကြောင်း။

ယခုပြုလုပ်သည့် **MYANMAR–RUSSIA JOINT EXERCISE (TIGER–2026) လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် ကြည်းတပ်များအကြား ပထမဆုံးအကြိမ် ပူးတွဲလေ့ကျင့်ခန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ခန်းတွင် အသုံးပြုရန် ရုရှားနိုင်ငံက ယူဆောင်လာသည့် စစ်လက်နက်ပစ္စည်းများကို လက်တွေ့ ကိုင်တွယ်လေ့ကျင့် အသုံးပြုခွင့်ရရှိခဲ့ခြင်း ကလည်း နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုပြီး နက်ရှိုင်းစေမည်ဖြစ်ကြောင်း။**

ယနေ့ပြုလုပ်သည့်လေ့ကျင့်ခန်းတွင် ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့သော နှစ်နိုင်ငံမှ တပ်ဖွဲ့ဝင်များအားလုံးနှင့် လေ့ကျင့်ခန်းအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်စလုံးမှ တာဝန်ရှိသူအရာရှိစစ်သည်များအားလုံးကို အသိအမှတ်ပြုပါကြောင်းနှင့် ယခုလေ့ကျင့်ခန်းမှရရှိသည့် အတွေ့အကြုံကောင်းများနှင့် ချစ်ကြည်ရင်းနှီးမှုများသည် မြန်မာ–ရုရှား တပ်မတော်နှစ်ရပ်အကြား ရေရှည်တည်တံ့ခိုင်မြဲသော ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်မည့်အပြင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား တိုးတက်ကောင်းမွန်သော အကျိုးရလဒ်ကောင်းများကို ဖန်တီးနိုင်မည်ဖြစ်ကြောင်းနှင့် လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်သားများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့ကြသည့် တပ်ဖွဲ့များအတွက် သစ်သီးခြင်းများ လက်ဆောင်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားတပ်မတော်မှ တပ်ဖွဲ့ဝင်များနှင့်အတူ မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခန်း MYANMAR–RUSSIA JOINT EXERCISE (TIGER–2026) အောင်မြင်စွာပြီးစီးမှု အထိမ်းအမှတ် အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich နှင့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့နှင့် ရုရှားအနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့သည် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ မြန်မာ – ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခြင်းကို ဇူလိုင်လ ၆ ရက်နေ့မှ စတင်၍ ဥတ္တရသီရိတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၊ အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်း၌ မြန်မာတပ်ဖွဲ့ဝင်များနှင့် ရုရှားတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်ဂျင်နီယာ၊ ဒရုန်း၊ စနိုက်ပါ၊ ဆေး၊ ဆက်သွယ်ရေး၊ တောတွင်းစစ်ဆင်ရေး၊ တောင်ပေါ်စစ်ဆင်ရေး စသည့် ဘာသာရပ်များနှင့် စစ်မြေပြင်အတွေ့အကြုံများကို ရုရှားနည်းပြများနှင့် မြန်မာနည်းပြများက စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယနေ့တွင် လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်မတော်မှ နည်းပြများနှင့် လေ့ကျင့်ခန်းတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော် စစ်သမိုင်းပြတိုက်နှင့်အခြားအထင်ကရနေရာများသို့သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



မြန်မာ – ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းပြုလုပ်စဉ်။

## ကော့မှူးမြို့နယ်၌ မြို့နယ်အဆင့် ဆယ်အိမ်စုမှူးဆင့်ပွားသင်တန်း ဖွင့်လှစ်

ကော့မှူး ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် အမျိုးသမီးများ ဆယ်အိမ်စုမှူးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။



သင်တန်းတွင် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် မြို့နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာကျော်မိုးမြင့်က ဆယ်အိမ်စုမှူးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အမျိုးသမီးများ ဆယ်အိမ်စုအလိုက် အစုအဖွဲ့များဖွဲ့၍ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ပို့ချပေးခဲ့ပြီး ဆယ်အိမ်စုမှူးသင်တန်းတွင် အမျိုးသမီး ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)

## ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ၌ ကုန်ထုတ်လမ်းတံတားနှင့် ရေရှိရေး ဆောင်ရွက်

ကျိုက်ထို ဇူလိုင် ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ကျိုက်ပိကျေးရွာ၌ ကုန်ထုတ်လမ်းတံတားလုပ်ငန်းနှင့် ရေရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းချမ်းထေ‌ာနှင့် ဝန်ထမ်းများက ကျိုက်ပိကျေးရွာ၌ ကုန်ထုတ်လမ်းတံတားလုပ်ငန်းနှင့် ရေရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး မြေနေရာရရှိမှုအခြေအနေများ၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သုတ

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(United Nations Office for Project Services–UNOPS)မှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)မှ စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်





## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး(UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Ms. Sara Austin Netzer အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ မကြာမီ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Ms. Sara Austin Netzer အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNOPS တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် UNOPS မှ ဆက်လက်ဆောင်ရွက်လျက်ရှိမည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့၏ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့၏(၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီ ဒေါက်တာ သက်ခိုင်ဝင်းက ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများကြောင့် နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရေး အလေးထားကြပ်မတ်စိစစ် ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားလာပါကလည်း ကုသမှုပေးနိုင်ရေး ကုသရေးယူနစ်များ ဖွင့်လှစ်ထားရှိကြောင်း ပြောကြားသည်။



အစည်းအဝေးတွင် ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမှာစကားပြောကြားပြီး ဗဟိုဦးစီးအဖွဲ့အတွင်းရေးမှူး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေး အဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဗဟိုဦးစီးအဖွဲ့က ဆုံးဖြတ်ရမည့် အမှာစာများ၊ ဥပဒေနှင့် နည်းဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပညာပေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ရေး၊ ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများကြောင့် အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်တုံ့ပြန်နိုင်ရေး ဆောင်ရွက်မည့် အစီအမံများ၊ အရေးပေါ်တုံ့ပြန်နိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ဓာတုပစ္စည်းများမှ ဘေးအန္တရာယ်မဖြစ်စေရေး ဝန်ကြီးဌာနများအနေဖြင့် ဓာတုပစ္စည်းများကြောင့် ဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆင်နင်းခံရမှုကြောင့် သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရရှိသူ တစ်ဦးတို့အား ထောက်ပံ့ငွေများပေးအပ်

ပုသိမ် ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မဒေါ့ကုန်းကျေးရွာအုပ်စု ငှက်ပျောချောင်းကွင်းကျေးရွာတွင် ဖြစ်ပွားခဲ့သည့် ဆင်နင်းခံရမှုကြောင့် သေဆုံးသူ သုံးဦးနှင့် ဒဏ်ရာရရှိသူ တစ်ဦးတို့အား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ပုသိမ်ပြည်သူ့ဆေးရုံကြီး၌ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထိုကဲ့သို့ ထောက်ပံ့ပေးအပ်ရာတွင် တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်သက်သက်ဆွေက ငွေကျပ် ၃၀၀၀၀၀ နှင့် အာဟာရမှုန့်များကို လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် သေဆုံးသူ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် သေဆုံးသူ သုံးဦးအတွက် ငွေကျပ် ၉၀၀၀၀၀ နှင့် ဒဏ်ရာရရှိသူ တစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၉၅၀၀၀၀ အား တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သက်သက်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သာယာဝတီမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြ

သာယာဝတီ ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် အမှတ်(၁၄) စက်မှုလယ်ယာဦးစီးဌာနက သင်တောရိုး ကျေးရွာအုပ်စုရှိ တောင်သူ ဦးမြင့်ကျော်ဦး၏ လယ်ယာမြေ၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲတွင် KUBOTA ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြသခဲ့ပြီး စိုက်ပျိုးရာတွင် လယ်တစ်ဧကလျှင် တစ်နာရီခန့်သာ ကြာမြင့်၍ ကုန်ကျစရိတ်သက်သာကာ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည်ဆိုပါက မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



စာအုပ်စာပေ
လူ့မိတ်ဆွေ
အလိမ္မာ စာမှာရှိ

# ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest -EOI) ခေါ်ယူ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**စားသုံးသူရေးရာဦးစီးဌာန**
**ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှု ဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင် ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ**
**(Expression of Interest –EOI) ခေါ်ယူခြင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန လက်အောက်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ရန်ကုန်-ပဲခူးလမ်းမကြီးဘေးတွင် တည်ရှိပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများမှ ပြည်ပသို့ တင်ပို့သည့် လယ်ယာထွက်ကုန်သီးနှံများနှင့် ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် စားသုံးဆီများ၏ အရည်အသွေးများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ ရလဒ်များအား Test Report ထုတ်ပေးလျက်ရှိပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်(ISO/ IEC 17025) ရရှိရေး၊ ပို့ကုန်သွင်းကုန်များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် အထောက်အကူဖြစ်စေရေးနှင့် စီးပွားဖြစ် တွက်ခြေကိုက်မှုရှိစေရေး (Commercialization) တို့အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် Joint Operation စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ပုံစံကို www.doca.gov.mm တွင် download ရယူ၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်သို့ လိပ်မူ၍လည်းကောင်း၊ အီးမေးလ် itqmconsumer@gmail.com သို့လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

**စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) နှင့်အတူ**
**ပူးတွဲတင်ပြရမည့်ကုမ္ပဏီဆိုင်ရာ အထောက်အထားများ**

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းကို တိကျသေချာစွာ ဖော်ပြ၍ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (Work Plan၊ Budget Plan) နှင့်အတူ အကြောင်းကြားစာ

(ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ဂ) အဆိုပြုကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီဖြစ်ရန်နှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပကုမ္ပဏီရှိပါက ယင်းကုမ္ပဏီ၏ အချက်အလက်များ (ပူးတွဲဖြင့် တင်ပြရန်)


(ဃ) ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီ၏လုပ်ငန်းအတွေ့အကြုံ (ပြည်တွင်းရှိ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းဌာန၊ လုပ်ငန်းအဖွဲ့အစည်း၏ထောက်ခံချက်၊ ပြည်ပတွင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းအထောက်အထားများကို ပူးတွဲဖြင့် တင်ပြရန်)

(င) ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေနှင့်သက်ဆိုင်သည့် အထောက်အထားများ (ယခင် ၃ နှစ်အတွင်း လက်မှတ်ရ စာရင်းစစ်အဖွဲ့က စာရင်းစစ်ဆေးထားသည့် အစီရင်ခံစာ)

(စ) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person အမည်၊ ရာထူး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် Email လိပ်စာ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၄၅၉၊ ၀၆၇-၃၄၃၀၅၁၀)

**စားသုံးသူရေးရာဦးစီးဌာန**



# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲ ၃ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်း၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းရှေ့သတ်မှတ်နေရာ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ကံ့ကော်၊ မန်ကျည်းရှား၊ ယမနေ၊ ပျဉ်းကတိုး၊ ပိတောက် စသည့် အရိပ်ရနှစ်ရှည်ပင်နှင့် ပန်းအလှပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကင်းမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်အခွန်ထမ်းပြည်သူများအတွက် ဝင်ငွေကြေညာလွှာတင်သွင်းခြင်းနှင့် အခွန်ပြေစာအမှတ်တံဆိပ်အကြောင်းသိကောင်းစရာနှင့်ပတ်သက်၍ အခွန်ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်က ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဟန်သီစုလှိုင်က အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များကို ဆွေးနွေးပြီး လုပ်ငန်းရှင် အခွန်ထမ်းပြည်သူ ၁၀၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



# မကွေးစက်မှုဇုန်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

**မကွေး ဇူလိုင် ၁၇**

မကွေးစက်မှုဇုန် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် စီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ စံနှုန်းများနှင့်အညီ သတ်မှတ်ကာလပြီးစီးရေး မှာကြားပြီး လိုအပ်သည်များကို ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စက်မှုဇုန်စီမံကိန်း Site Cleaning၊ Survey တိုင်းတာဆောင်ရွက်မှု၊ မြေကွက်တိုင်းတာချထားပေးမှု၊ လက်ရှိစက်မှုဇုန်တွင် လုပ်ငန်းလုပ်ကိုင်ရန် လုပ်ငန်းရှင်များက လုပ်ငန်းပြင်ဆင်ဆောင်ရွက်မှု၊ လမ်းအူကြောင်းဖော်လုပ်ငန်းများ၊ စက်မှုဇုန်အတွင်းလမ်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



မကွေးစက်မှုဇုန်သည် မကွေးမြို့၏ လေးမိုင်ခန့်အကွာ မကွေး-တောင်တွင်းကြီး ကားလမ်းဘေးတွင် တည်ရှိပြီး အကျယ်အားဖြင့် ၄၆၁ ဒသမ ၁၄ ဧက ကျယ်ဝန်းကာ စက်မှုဇုန်အနီး ဧရာဝတီမြစ်တည်ရှိသည့်အတွက် စက်မှုဇုန်ဖွံ့ဖြိုးလာချိန်တွင် ကုန်တင်၊ ကုန်ချဆိပ်ကမ်းငယ်တစ်ခု ဆောင်ရွက်ခြင်းဖြင့် ကုန်စည်စီးဆင်းမှုပိုမိုအဆင်ပြေချောမွေ့နိုင်သည့် စက်မှုဇုန်တစ်ခုဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

(၇၉)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်ဆောင်းပါး

# မရိုးနိုင်သော အာဇာနည်စိတ်ဓာတ် မကွယ်ပျောက်သော နိုင်ငံတော်အနာဂတ်

**နိုင်ငံ့သမိုင်းတွင် အသက်သွေးချွေးများစွာဖြင့် ရင်းနှီးတည်ဆောက်ခဲ့ရသော လွတ်လပ်ရေး၏အရသာကို ယနေ့တိုင်ခံစားနေကြရသည်မှာ တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့်အသက်ပေးသွားခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားပင်ဖြစ်သည်။ ဇူလိုင်လ ၁၉ ရက်နေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် သွေးစွန်းခဲ့ရသည့် နေ့ရက်ဖြစ်သော်လည်း ထိုနေ့ရက်သည်ပင် တိုင်းပြည်၏ မျိုးချစ်စိတ်ဓာတ်ကို နိုးကြားစေပြီး စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန် အရေးပါသည့်နေ့ရက်တစ်ရက် ဖြစ်လာခဲ့သည်။**

လွန်းပိုးအိမ်

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများသည် ကိုလိုနီနယ်ချဲ့လက်အောက်မှ မြန်မာနိုင်ငံကို လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင်စေရန် ခက်ခဲကြမ်းတမ်းသော လမ်းကြောင်းပေါ်တွင် မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် လျှောက်လှမ်းခဲ့ကြသည်။ ၎င်းတို့၏ရည်မှန်းချက်မှာ ပါတီနိုင်ငံရေးထက် တိုင်းပြည်၏အနာဂတ်၊ လူမျိုး၏လွတ်လပ်ရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်သာ ဦးတည်ခဲ့သည်။ ထိုခေါင်းဆောင်ကြီးများ၏ စွန့်လွှတ်အနစ်နာခံမှုများသည် ယနေ့ခေတ်လူငယ်များအတွက် ပုံသက်သေကောင်းများအဖြစ် အစဉ်ထာဝရတည်ရှိနေသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသွားခဲ့ရသည့် ထိုနေ့ရက်သည် မြန်မာ့နိုင်ငံရေးလောကတွင် ကြီးမားသော လေဟာနယ်ကို ဖြစ်ပေါ်စေခဲ့သော်လည်း ၎င်းတို့ချမှတ်ပေးခဲ့သည့် လွတ်လပ်ရေးလမ်းစဉ်သည်ကား ပျောက်ကွယ်သွားခြင်းမရှိခဲ့ပေ။ အမျိုးသားရေးစိတ်ဓာတ်ကိုအရင်းခံ၍ တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်စွာဖြင့် တည်ဆောက်ခဲ့သည့် ပင်လုံစိတ်ဓာတ်မှာလည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုကို ဖော်ပြနေသည်။ ထိုစိတ်ဓာတ်ကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းသည်သာလျှင် အာဇာနည်တို့၏အိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်ခြင်း ဖြစ်သည်။

**အာဇာနည်တို့၏ မွန်မြတ်သောစိတ်ဓာတ်များကို အစဉ်သတိပြု**

ပစ္စုပ္ပန်ကာလတွင် နိုင်ငံတော်သည် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် အာဇာနည်တို့၏ မွန်မြတ်သော စိတ်ဓာတ်များကို အစဉ်သတိပြုရန် လိုအပ်သည်။ သူတို့၏ ရိုးသားမှု၊ ကြိုးစားမှု၊ နိုင်ငံချစ်စိတ်နှင့် စည်းလုံးညီညွတ်ရေးကို ဦးစားပေးသည့် စရိုက်လက္ခဏာများသည် တိုင်းပြည်တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်များဖြစ်သည်။ ခေါင်းဆောင်မှုဆိုသည်မှာ ကိုယ်ကျိုးစွန့်၍ ပြည်သူ့အတွက် ရှေ့ကနေပြီး တာဝန်ယူရဲခြင်းပင်ဖြစ်ကြောင်းကို အာဇာနည်ခေါင်းဆောင်ကြီးများက လက်တွေ့ပြသသွားခဲ့ကြသည်။

သမိုင်းတွင်တည်ရှိနေသော အာဇာနည်နေ့၏အနှစ်သာရကို နားလည်သဘောပေါက်ရန်မှာ အလွန်ပင်အရေးကြီးသည်။ အာဇာနည်ဆိုသည်မှာ ကိုယ်ကျိုးကိုစွန့်၍ အများအကျိုးကိုဆောင်ရွက်ပြီး အသက်နှင့်လဲ၍ ပေးဆပ်သူများကို ခေါ်ဆိုခြင်းဖြစ်သည်။ ယနေ့ခေတ်ကာလတွင် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နေကြသူများသည်လည်း အာဇာနည်တို့၏ စိတ်ဓာတ်ကိုအတုယူ၍ တိုင်းပြည်၏ အကျိုးစီးပွားကိုရှေးရှုပြီး မှန်ကန်သောလမ်းကြောင်းအတိုင်း လျှောက်လှမ်းရန် လိုအပ်မည်ဖြစ်ပါသည်။

အာဇာနည်ခေါင်းဆောင်ကြီးများက မိမိတို့၏အသက်ကိုသာ စွန့်လွှတ်ခဲ့ရခြင်းဖြစ်ပြီး ၎င်းတို့၏ မွန်မြတ်သောအယူအဆများ၊ နိုင်ငံအပေါ်ထားရှိသည့် သစ္စာတရားများနှင့် ခိုင်မာသော စိတ်ဓာတ်များမှာမူ အချိန်ကာလများ ကြာမြင့်သော်လည်း မှေးမှိန်သွားခြင်းမရှိပေ။ တိုင်းပြည်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန်မှာ မျိုးဆက်သစ်တို့၏ အဓိကတာဝန်ဖြစ်ပြီး ထိုတာဝန်ကို ထမ်းဆောင်ရာတွင် အာဇာနည်တို့၏ အစဉ်အလာကို လမ်းညွှန်ချက်အဖြစ်ထားရှိရမည် ဖြစ်ပါသည်။

မြန်မာ့မြေပေါ်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားနေကြသည့် ပြည်သူများအတွက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းပြမြေပုံမှာ ယနေ့တိုင်အရေးပါနေဆဲ ဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိပါက မည်သည့်ရည်မှန်းချက်ကိုမျှ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်းကို အာဇာနည်ခေါင်းဆောင်ကြီးများက ၎င်းတို့၏ဘဝဖြင့် သက်သေပြသွားခဲ့သည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် အာဇာနည်တို့၏ စိတ်ဓာတ်ကို အရင်းခံ၍ စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည် ဖြစ်ပါသည်။

အာဇာနည်နေ့သည် ဝမ်းနည်းပူဆွေးရမည့်နေ့သာမက နိုင်ငံအတွက် ခွန်အားသစ်များ ရယူရမည့်နေ့ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဆုံးရှုံးမှုသည် တိုင်းပြည်အတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်သော်လည်း ၎င်းတို့၏မျိုးချစ်စိတ်ဓာတ်မှာမူ တိုင်းပြည်အတွက် မကုန်ခန်းနိုင်သော အရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ ထိုအရင်းအမြစ်ကို အသုံးပြု၍ နိုင်ငံကို ပိုမိုကောင်းမွန်အောင် တည်ဆောက်သွားရန်မှာ အားလုံး၏တာဝန်ပင်ဖြစ်ပါသည်။

ခေါင်းဆောင်ကောင်းဆိုသည်မှာ ရာထူးအာဏာဖြင့် တိုင်းတာခြင်းမဟုတ်ဘဲ ပြည်သူအပေါ်ထားရှိသည့် မေတ္တာနှင့် တိုင်းပြည်အပေါ်ထားရှိသည့် သစ္စာတရားဖြင့်သာ တိုင်းတာခြင်းဖြစ်ကြောင်း အာဇာနည်ခေါင်းဆောင်ကြီးများက သင်ခန်းစာပေးခဲ့သည်။ ၎င်းတို့သည် သမိုင်းတွင် အောင်မြင်သော ခေါင်းဆောင်များအဖြစ်သာမက ပြည်သူချစ်သော ခေါင်းဆောင်များအဖြစ်လည်း အစဉ်အမြဲထွန်းလင်းတောက်ပနေမည်ဖြစ်ပါသည်။

**တိုင်းပြည်၏ အနာဂတ်တွင်**
**အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်း**

မျိုးဆက်သစ်လူငယ်များအနေဖြင့်လည်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းကြောင်းကိုလေ့လာပြီး အားသာချက်များကို အတုယူကာ တိုင်းပြည်၏ အနာဂတ်တွင် အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ အာဇာနည်နေ့ကို အစဉ်အမြဲအောက်မေ့သတိရနေခြင်းသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို တုံ့ပြန်ခြင်းဖြစ်ပြီး နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းလည်း ဖြစ်ပါသည်။

အာဇာနည်တို့၏ သွေးများသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် မြေကျခဲ့ရသော်လည်း ထိုသွေးစက်များသည်ပင် လွတ်လပ်ရေးကို အဓွန့်ရှည်စွာတည်တံ့စေရန် မြေဩဇာများအဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရာတွင်လည်းကောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင်လည်းကောင်း အာဇာနည်တို့၏စိတ်ဓာတ်သည် အမြဲတမ်း အသက်ဝင်နေမည်ဖြစ်သည်။

တိုင်းပြည်၏ အခက်အခဲများကို ကျော်လွှားရန်မှာ စည်းလုံးညီညွတ်မှုသာဖြစ်ပြီး ထိုစည်းလုံးညီညွတ်မှုကို အာဇာနည်ခေါင်းဆောင်ကြီးများက ပုံစံထုတ်ပေးခဲ့ကြသည်။ ၎င်းတို့၏ အမြင်ကျယ်မှု၊ စိတ်ရှည်မှုနှင့် ပြည်သူအပေါ်ထားရှိသည့် အနစ်နာခံမှုများသည် ယနေ့ခေတ်အတွက် အလွန်ပင်လိုအပ်နေသော အရည်အသွေးများပင် ဖြစ်ပါသည်။

အာဇာနည်နေ့တိုင်းတွင် ကျင်းပလေ့ရှိသည့် ဂုဏ်ပြုအခမ်းအနားများကာ သမိုင်းကိုပြန်လည်အောက်မေ့ရုံသက်သက်မဟုတ်ဘဲ အာဇာနည်တို့၏ စိတ်ဓာတ်ကို မိမိတို့၏ နှလုံးသားတွင် အသက်သွင်းရန်ဖြစ်ပါသည်။ အာဇာနည်တို့၏ ကျေးဇူးတရားကို အသိအမှတ်ပြုခြင်းသည် ကိုယ့်နိုင်ငံအပေါ် မိမိကိုယ်တိုင်တန်ဖိုးထားခြင်းကို ဖော်ပြနေခြင်း ဖြစ်သည်။

မြန်မာ့သမိုင်းတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမည်နာမများသည် အစဉ်အမြဲတောက်ပနေဦးမည်ဖြစ်ပြီး ၎င်းတို့၏ မွန်မြတ်သော စိတ်ဓာတ်များသည်လည်း မျိုးဆက်ပေါင်းများစွာဆီသို့ လက်ဆင့်ကမ်းသယ်ဆောင်သွားမည်ဖြစ်သည်။ သူတို့ပေးဆပ်သွားခဲ့သောအရာများသည် အလကားမဖြစ်စေရန်မှာ လက်ရှိနေထိုင်နေကြသူများ၏ လက်ထဲတွင်သာရှိမည် ဖြစ်ပါသည်။

အာဇာနည်တို့၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်မှသာလျှင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဝိညာဉ်များသည် ငြိမ်းချမ်းစွာ အနားယူနိုင်မည် ဖြစ်ပါသည်။ ဤတာဝန်ကို ထမ်းဆောင်ရန်မှာ ပြည်သူတစ်ရပ်လုံး၏ အဓိကမျှော်မှန်းချက် ဖြစ်သင့်ပါသည်။

**အနာဂတ်လမ်းကြောင်းကို**
**အမြဲတမ်းလမ်းပြပေးနေမည့် ကြယ်တာရာများ**

သမိုင်းတွင် တည်ရှိနေသော အမှန်တရားကို မည်သူမျှ မဖျောက်ဖျက်နိုင်သကဲ့သို့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကိုလည်း မည်သူမျှ မပယ်ဖျက်နိုင်ပေ။ ၎င်းတို့သည် မြန်မာနိုင်ငံ၏ ပဲ့ကိုင်ရှင်များဖြစ်ကြပြီး အနာဂတ်လမ်းကြောင်းကို အမြဲတမ်းလမ်းပြပေးနေမည့် ကြယ်တာရာများ ဖြစ်ပါသည်။

**❝ မြန်မာ့မြေပေါ်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားနေကြသည့် ပြည်သူများအတွက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ လမ်းပြမြေပုံမှာ ယနေ့တိုင်အရေးပါနေဆဲဖြစ်သည်။ စည်းလုံးညီညွတ်မှုမရှိပါက မည်သည့်ရည်မှန်းချက်ကိုမျှ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်းကို အာဇာနည်ခေါင်းဆောင်ကြီးများက ၎င်းတို့၏ဘဝဖြင့် သက်သေပြသွားခဲ့သည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် အာဇာနည်တို့၏ စိတ်ဓာတ်ကို အရင်းခံ၍ စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည် ❞**

အာဇာနည်နေ့၏ အနှစ်သာရကို နားလည်ပြီး ထိုစိတ်ဓာတ်ကို မိမိတို့၏ နေ့စဉ်ဘဝတွင် ကျင့်သုံးသွားမည်ဆိုပါက နိုင်ငံသည် တိုးတက်မှုလမ်းကြောင်းသို့ အလွယ်တကူရောက်ရှိသွားမည်ဖြစ်သည်။ ကိုယ်ကျိုးစွန့်အနစ်နာခံမှုနှင့် တိုင်းပြည်ချစ်စိတ်သည် နိုင်ငံ၏ အကြီးမားဆုံးသော အင်အားပင်ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများအပေါ် ထားရှိသည့် လေးစားမှုသည် စကားလုံးများဖြင့်သာမဟုတ်ဘဲ လုပ်ရပ်များဖြင့် ပြသရန် လိုအပ်ပါသည်။ နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်ခြင်း၊ စည်းလုံးညီညွတ်မှုကို တည်ဆောက်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းတို့သည် အာဇာနည်တို့အား အကောင်းဆုံး ဂုဏ်ပြုခြင်းပင် ဖြစ်ပါသည်။

အာဇာနည်နေ့ရောက်တိုင်း မိမိတို့သည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဆုံးရှုံးမှုကို ဝမ်းနည်းကြရသော်လည်း သူတို့ချန်ရစ်ခဲ့သော အမွေအနှစ်များကိုမူ ဝမ်းမြောက်စွာဖြင့် ထိန်းသိမ်းသွားရမည် ဖြစ်သည်။ ထိုအမွေအနှစ်များသည် မြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများပင် ဖြစ်ပါသည်။

ဆိုရပါလျှင် ဇူလိုင်လ ၁၉ ရက်နေ့သည် မြန်မာနိုင်ငံ၏ သမိုင်းတွင် မည်သည့်အခါမျှ မေ့ပျောက်၍မရနိုင်သော နေ့ရက်ဖြစ်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားမှာလည်း အစဉ်အမြဲထွန်းလင်းတောက်ပနေမည်သာဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် အာဇာနည်တို့၏ စိတ်ဓာတ်ကိုအတုယူ၍ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရေးသားအပ်ပါသည်။ ။

**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း**



**အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း**

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး
- အလံအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး
- ဘောလ်ပင်အမျိုးမျိုး

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်းလိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ပြည်တွင်းထုတ် ဝါကြိတ်စက်(ဂျင်ခုံ)များ ဝယ်ယူနိုင်ရေးကိစ္စ)**

**လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအားတစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးဈေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သောစက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံးခွဲများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)**

**ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး(MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များတည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၂၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

**စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်**
**စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**
**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**
**(စက်အရန်ပစ္စည်းများနှင့်စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေး ထောက်ခံချက်ကိစ္စ)**

**ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း**

ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် အမှန်တကယ်လိုအပ်သည့် စက်အရန်ပစ္စည်းများနှင့် စက်ကိရိယာပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနသို့ ထောက်ခံချက်များကို လာရောက်လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**အသေးစိတ်သိရှိလိုပါက**

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၁၊ ၀၉-၄၂၃၆၆၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်းနှင့် ဦးအုန်းခိုင် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံဆွေးနွေးပြီး အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိပါက ဆေးကုသပေးမှု၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ မရှိ၊ အလုပ်နားရက်တွင် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု၊ အကျဉ်းသားများက စခန်းစာကြည့်တိုက်ရှိ စာအုပ်များ ငှားရမ်းဖတ်ရှုရာတွင် လွယ်ကူစွာ ဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးမှု ရှိ မရှိ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိ မရှိ၊ မိသားစုတွေ့ဆုံခွင့်နှင့် ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးကာ သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားသုံးဦးကို မေးမြန်းမှတ်တမ်းတင်သည်။

ထို့နောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတ ရဖွယ်ရာ စာအုပ်စာပေများကို လှူဒါန်းသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ၌ မြေငှားဂရန် ပေးအပ်

**လှည်းကူး ဇူလိုင် ၁၇**

လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ၌ ကျေးရွာမြေငှားဂရန် ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက ရွာဦးဓမ္မာရုံတွင် ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျေးရွာမြေငှားဂရန်များကို မင်းကုန်းကျေးရွာပြည်သူ ၈၆ ဦးလက်ဝယ်သို့ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်**





# အုတ်ဖိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**အုတ်ဖို ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အထက (တိမ်မြုတ်)၌ ဇူလိုင် ၁၆ ရက်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

## မော်တော်ယာဉ်ပိုင်ရှင်အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၁၆) ရက်နေ့မှစ၍ Vehicle Automatic Valuation System (VAVS) ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကိုအသုံးပြု၍ စနစ်အတွင်းသို့ ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့် လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကို အသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှ ရရှိသည့် အီလက်ထရောနစ် အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက် (e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာ ထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်း မှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေ ရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter. vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)(၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၃၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁) နှင့် နီးစပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အုတ်တွင်းမြို့နယ်၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဆွေးနွေး

**အုတ်တွင်း ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၊ အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တောင်ငူခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းမာဦးက ကလေးအလုပ်သမားနှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် ကလေးအလုပ်သမားဆိုင်ရာ ဥပဒေအကြောင်းအရာများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလက(ခွဲ)ပဲခူးလမ်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**



## ပြင်ဦးလွင်မြို့နယ်၌ အခြေခံအားကစားသင်တန်းဖွင့်

**ပြင်ဦးလွင် ဇူလိုင် ၁၇**

ပြင်ဦးလွင်မြို့နယ်၌ အားကစားနှင့်ကာယပညာဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် တိုက်ကွမ်ဒိုအားကစားဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆-၂၀၂၇ပညာသင်နှစ် အခြေခံအားကစားသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်အားကစားကွင်း ခန်းမ(၂)၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အမှာစကားပြောကြားပြီး တိုက်ဂါးကလပ်နည်းပြချုပ် ဦးမြကြိုင်အား အမှတ်တရ ပစ္စည်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက သင်တန်းသား သင်တန်းသူများအား သင်တန်းအထောက်အကူပြုဝတ်စုံများ ပေးအပ်ခဲ့ပြီး နည်းပြဆရာ ဦးမြကြိုင်က သင်တန်းဖွင့်လှစ်သင်ကြားပေးမည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၂၇ ရက်အထိ တိုက်ကွမ်ဒို သင်တန်းသား သင်တန်းသူ ၄၅၀၊ ဖူဆယ်ဘောလုံးသင်တန်းသား ၅၀ နှင့် ကြက်တောင်သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် အားကစားနည်း သုံးမျိုး သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## လယ်ဝေးနှင့် ဒလမြို့နယ်တို့၌ ငွေကျပ် ၂၀ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၈၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၇**

လယ်ဝေးနှင့် ဒလမြို့နယ်တို့တွင် ပင်လယ်ပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၂၀ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၈၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၆ ရက် ည ၁၀ နာရီခွဲတွင် လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာအနီး၌ ကျော်ဦး မောင်းနှင်ပြီး ဇော်ဇော်ထွန်း လိုက်ပါလာသည့် GOVZCT ခြောက်ဘီးယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၅၀၀ (၎င်းဒေသတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၅ ဘီလီယံ) သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇူလိုင် ၇ ရက် ည ၇ နာရီခွဲတွင် သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း)များ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ဇေယျာလင်းနှင့် ထွေးမင်းဇော်တို့နှစ်ဦးကို မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းဆုံတွင် လည်းကောင်း၊ ဇူလိုင် ၈ ရက် နံနက် ၈ နာရီခွဲတွင် မျိုးသန်းအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက်၌ TOYOTA HILUX SURF ယာဉ်တစ်စီးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၁၁ နာရီခွဲတွင် ဝေထွန်း ပိုင်ဆိုင်သည့် ဒလမြို့ မှောက်စက်ရပ်ကွက် ရန်ကုန်မြစ်ကမ်းတွင် ဆိုက်ကပ်ထားသော မိဘမေတ္တာ(၁) စက်လှေပေါ်မှ ခင်မောင်ထွန်း၊ စမျိုးမင်း၊ ကျော်ကျော်ဝင်း၊ ဝင်းနိုင်ဦး၊ မိုးဇော်ဦး၊ မောင်မောင်၊ ချိုလွင်၊ သန်းဝေ၊ လှမျိုးခိုင်၊ မြင့်ခိုင်တို့ ၁၀ ဦးအား အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၃၁၀(၎င်းဒေသတန်ဖိုး ငွေကျပ် ၇ ဒသမ ၇၅ ဘီလီယံ)နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။




သိမ်းဆည်းရမိ အိုက်စ်များနှင့်အတူ တရားခံ လှမျိုးခိုင်၊ သန်းဝေ၊ မိုးဇော်ဦး၊ စမျိုးမင်း၊ ချိုလွင်၊ မောင်မောင်၊ ဝင်းနိုင်ဦး၊ ခင်မောင်ထွန်း၊ မြင့်ခိုင်နှင့် ကျော်ကျော်ဝင်း တို့အား တွေ့ရစဉ်။ (ဝဲမှယာ)

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ပင်လယ်ပြင်သို့ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်ဦးအား ကွမ်းခြံကုန်းမြို့နယ်၌ လည်းကောင်း၊ ရာဇာဟိန်း(ခ) ရာဇာအား ဗိုလ်တထောင်မြို့နယ်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား ရှမ်းပြည်နယ်(မြောက်ပိုင်း)မှရန်ကုန်သို့ တာဝန်ခံသယ်ဆောင်သူမှာ လားရှိုးမြို့နယ် ပန်ဟိုးကျေးရွာနေ ရန်ကြားရှော(ခ) ကုလား(ခ)ရန်ကုလား(ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ရန်ကုန်မှ ပင်လယ်ပြင်သို့ တင်ပို့ရာတွင် အဓိကစီမံခန့်ခွဲသူမှာ မော်ဘီမြို့နယ် ညောင်ပင်သာရွာနေ ဝေထွန်း (ဖမ်းဆီးရန်ကျန်) ဝီလျံထွန်းကုမ္ပဏီပိုင်ရှင်ဖြစ်ပြီး ၎င်းနှင့်အတူ ပူးပေါင်းပါဝင်သော ဝီလျံထွန်းကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည့် ဒေါပုံမြို့ နွယ်အေးရပ်ကွက်နေ မြတ်သူ(ခ)မြတ်သစ်(ဖမ်းဆီးရန်ကျန်)၊ တာမွေမြို့နယ်နေ ရာဇာဟိန်း(ခ)ရာဇာ၊ မြောက်ဒဂုံမြို့နယ်နေ မျိုးသန်းတို့သည် ရန်ကုန်မှတစ်ဆင့် ပင်လယ်ပြင်သို့ သယ်ဆောင်ရောင်းဝယ်ခဲ့သူများဖြစ်သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ မြန်မာအသင်းမှ**

ဇူလိုင် ၁၆ ရက်မှစ၍ ဗီယက်နမ်နိုင်ငံ၌ လေ့ကျင့်လျက်ရှိသည်။ ယခုခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် အန်ဒါဆင်အတွက် ပထမဆုံးပွဲလည်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းတွင် ဂိုးသမား-ဇင်ညီညီအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီယူနိုက်တက်)၊ နောက်တန်း- နန္ဒကျော်၊ ဖြိုးပြည့်စုံ(ရှမ်းယူနိုက်တက်)၊ ဟိန်းဖြိုးဝင်း၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ ဖွဲ့ခန့်မင်း(ရန်ကုန်စီးတီး)၊ မြတ်ဘုန်းခန့်(သစ္စာအားမာန်)၊ စိုးမိုးကျော် (ကလပ်အသင်းမရှိသေး)၊ အလယ်တန်း- ဝေလင်းအောင် (နီဂျီရီဆမ်ဘီလန်- မလေးရှား)၊ ရှိုင်းဝဏ္ဏအောင်၊ မင်းမော်ဦး (သစ္စာအားမာန်)၊ အောင်မျိုးခန့်၊ ဇော်ဝင်းသိန်း၊ မောင်မောင်လွင် (ရန်ကုန်ယူနိုက်တက်)၊ လွင်မိုးအောင်(ကလပ်အသင်းမရှိသေး)၊ ကျော်မင်းဦး(ကလပ်အသင်းမရှိသေး)၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း (ရန်ကုန်စီးတီး)၊ ကောင်းမြတ်ငြိမ်း(အား/ကာသိပ္ပံ)၊ ဟိန်းထက်အောင်(မီလာကာ- မလေးရှား)၊ ရဲရင့်အောင်(ရှမ်းယူနိုက်တက်)၊ ရှေ့တန်း - ဝင်းနိုင်ထွန်း(ရန်ကုန်စီးတီး)၊ သန်းပိုင်(ကလပ်အသင်းမရှိသေး)၊ စောမျိုးဇော်(သစ္စာအားမာန်)တို့ ပါဝင်ကြသည်။

အာဆီယံ ဖွန်ဒိုင်းဖလားပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(B)၌ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအိုတို့နှင့် ကျရောက်နေသည်။

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - MFF**

❖

## ကုမ္ပဏီရုံးလိပ်စာ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေးခြင်း

ကျွန်တော်များ Linear Power International Co., Ltd သည် မူလ 1/A၊ ဘုရင့်နောင်လမ်း၊ ပင်လုံအိမ်ရာ၊ မြောက်ဒဂုံမြို့နယ်တွင် ဖွင့်လှစ်ထားသော ရန်ကုန်ရုံးချုပ်အား အမှတ် (၁၂)၊ ၂လမ်း၊ ကံ့ကော်ရိပ်သာ ၂၊ ဇေကမ္ဘာအိမ်ရာဝင်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း– ၀၉–၇၃၀၃၀၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာစီမံကိန်း သံလွင်ရိပ်မွန်အိမ်ရာအတွင်းရှိ တိုက်အမှတ်(B–5)၊ (၉)လွှာ၊ အခန်းအမှတ်(၉၁၆)၊ (၁၂၆၁)စတုရန်းပေ အကျယ်ရှိ Star City (3 Bed Room) ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းလွင် [၁/မကန(နိုင်)၀၄၂၉၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြတ်နိုးအောင် [၁၂/မဂတ(နိုင်) ၀၉၆၁၁၅]သည် အပြီးအပြတ်ဝယ်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထက်**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၈၉၁)**
**ရုံးခန်းလိပ်စာ – အမှတ်(၅၆၆/က)၊ မြို့မလမ်း၊ (မြေညီ)၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း – ၀၉–၇၉၅၁၅၈၀၄၀၊ ၀၉–၅၁၇၃၂၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၂)လမ်း၊ အမှတ်–၃၁၉ တွင် ဆောက်လုပ်ထားသော (၂–ခန်း)တွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ်(၆–လွှာ/A) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂.၆x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၊ လွှဲပြောင်း ရောင်းချခွင့်ရှိသူများဖြစ်သော ဒေါ်ယမင်းသူဇာလွင် (၁၂/ဥကတ(နိုင်)၀၈၆၈၆၅)နှင့် ဒေါ်စောသန္တာလွင် [၁၂/ဥကတ(နိုင်)၁၄၅၆၉၃] တို့ထံမှ ဒေါ်ရည်မွန်အောင်[၇/သဝတ(နိုင်)၁၃၀၂၅၇]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုသောတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းမာလာညွန့် (စဉ်– ၆၄၆၂/၁၃–၈–၁၉၉၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်– ၈၅၊ မြေညီထပ်၊ ၃၇–လမ်း၊ ၅–ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၂၀၂၇၄၀၊ ၀၉–၅၁၅၆၅၁၄၊ ၀၉–၇၉၅၆၁၈၄၀၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

မော်ဘီခရိုင်၊ မော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာ၊ အရှေ့ပိုင်းရပ်ကွက်၊ အေးသာယာ၊ ဩဘာလမ်း၊ ဦးပိုင်အမှတ် (N/၂၀)၊ ဥယျာဉ်မြေ၊ ဧရိယာ (၀.၄၀)ပေါ်ရှိ ဦးပျော့အမည်ပေါက် (၈၄ ½ ပေx ၁၂၃ပေ)အနက်မှ ဒေါ်ခင်ချိုထွေး လက်ရှိထား လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ညာဘက်ခြမ်းရှိ အလျား (၄၃ ပေ x အနံ ၅၆ ပေ)နှင့် ဘယ်ဘက်ခြမ်းရှိ အလျား ၅၀ပေx အနံ ၆၀ပေရှိ လူနေအဆောက်အိမ်နှင့် ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်ချိုထွေး [၁၂/မဘန(နိုင်)၀၀၁၀၆၃]မှ ၎င်းတစ်ဦးတည်းပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြီး ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းယုလှိုင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၉၇၆၅/၇–၇–၂၀၂၅)**
**သန်လျင်မြို့။ ၀၉–၂၆၂၅၅၁၁၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/A)၊ မြေကွက်အမှတ်(၁၁၂)၊ မြေကွက်ဧရိယာ (၄၀ပေx ၆၀ပေ)၊ (၀.၀၅၅)ဧက အကျယ်အဝန်းရှိဒေါ်အေးအေးသန်း (CG–065842) အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်အား တရားဝင်ခွဲစိတ်ထားခြင်းမရှိသည့် မြေကွက်၏ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ် (၁၁၀)နှင့် ကပ်လျက်ရှိသည့် မြေကွက်ဧရိယာ (၂၀ပေx ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်ပေါ်၌တည်ရှိသော အမှတ် (၁၁၂/A )၊ သစ္စာ(၅)လမ်း၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များအား ဝယ်ယူပိုင်ဆိုင်၍ စီမံခန့်ခွဲလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ငြိမ်းလတ် [၁၂/ စခန(နိုင်)၀၀၀၄၀၄]နှင့် ဒေါ်ချိုလှဲ့ရည်အေး [၁၂/ မဂတ(နိုင်) ၀၈၄၉၈၁] တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန္တာဝင်း (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၁၃၆၄)**
**၀၉–၂၆၁၆၁၆၁၁၉၊ ၀၉–၉၆၅၀၉၈၅၃၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၀–ရပ်ကွက်၊ ရတနာမြဋ္ဌူလမ်း၊ မြေကွက်အမှတ်– ၁၈၈၆၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် ဒေါ်အေးရီ (ဘ) ဦးကုလား [၁၂/သဃက(နိုင်) ၀၉၇၆၀၈]အမည်ဖြင့် မှတ်သားတည်ရှိသော မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူ ဦးနေဦး (ဘ) ဦးတံတေ [၁၄/ပစလ(နိုင်)၀၄၇၀၃၆]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းဆွေ (ဘ) ဦးအုန်းရွှေ [၁၄/မအန(နိုင်) ၁၁၁၉၅၁]က အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူသည့် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး အရောင်းအဝယ်ပြုလုပ်သည်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျန်ရောင်းဖိုးငွေများပေးချေလျက် အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ထက်ထက်လှိုင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၇၄၇)**
**အမှတ်–၂၂၂/ခ၊ အောင်သုခလမ်း၊ တ/၁၅–ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၅၂၄၉၄၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မြေကွက်အမှတ်(၉၄၂)၊ မြေအကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ JC Associates Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်– ၄၅၅/၁၉၉၈/–၁၉၉၉) အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၂၀ပေx အနံ ၆၀ပေ) (ခြေရင်းဘက်ခြမ်း)နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဒေါ်မိုးမိုးအေး [၉/ပသက(နိုင်)၀၉၁၁၅၂]က ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးအောင်[၁၂/ဒဂမ(နိုင်)၀၀၉၅၆၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိကျော် တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၉၃၇)**
**(LL.B, D.B.L, D.I.L, D.I.P.L, DL–101) WIPO (Switzerland)**
**အမှတ်– ၉/၁၁၊ မြေညီ၊ ၃၆–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၀၃၁၀၅၀၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁–ဘီ)၊ လူနေရပ်ကွက်အမှတ်– ကြယ်စင်အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် (၁၃–B/၅)၊ ဧရိယာ (၀.၁၄၆)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star Villa၊ ၁–လမ်း၊ အမှတ် (၇)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူများဖြစ်ကြသော (၁) ဦးအောင်သိန်း [၁၂/ဗတထ(နိုင်) ၀၂၃၈၄၃]နှင့် (၂) ဒေါ်မြင့်မြင့်ဝင်း [၁၂/လသန(နိုင်) ၀၁၆၅၅၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၀၃၈)**
**အမှတ် (၅၆၅/၅၆၇)၊ MAC TOWER အခန်းအမှတ် (၆၀၃)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၄၁၁၇၈၅၄**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ဦးကောင်းထက် [၇/ကပက(နိုင်)၁၀၄၉၃၂]နှင့် ဒေါ်ဝင်းသီရိကျော် [၇/ကပက(နိုင်)၀၉၉၅၈၂]တို့သည် (၂၀၁၄)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ထိုသို့ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၂၅–၆–၂၀၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းထက်နှင့် ဒေါ်ဝင်းသီရိကျော် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသဇင်ဆွေ LL.B,DBL,DIPL**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၂၄၉)**
**အမှတ်(၂၄၅)၊ ၄ လွှာ (A)၊ လေးထောင့်ကန်လမ်းမကြီး၊ ဈ/မြောက်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၈၈၁၁၈၈၃၈၂၊ ၀၉–၇၇၄၄၃၃၉၅၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ စံရိပ်ငြိမ် (၄)လမ်း၊ တိုက် (၃၅)၊ ၃–အေ၊ (၅)ထပ်ခွဲတိုက်၏ တတိယထပ်ခေါင်းရင်းခြမ်း တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အားလုံးကို ဦးသန်းအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/စခန (နိုင်) ၀၅၈၂၀၁]သည် ၂၀၂၁ ခုနှစ်ကတည်းက တရားဝင်လက်ရှိပိုင်ဆိုင်လျက်ရှိသော နေအိမ်တိုက်ခန်းဖြစ်ပြီး အခြားမည်သူ့ထံသို့ ပေးကမ်း၊ ပေါင်နှံ၊ ရောင်းချထားခြင်းမရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းအောင်သာလျှင် ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၂၀၁၂၃)**
**အမှတ် (၇၁၄)၊ ဗုဒ္ဓသာသနာပြုကျောင်းလမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၉၈၆၅၃၈၈**

## ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းမြောက် – ရပ်ကွက်၊ ဟသ်ာတလမ်း၊ တိုက်အမှတ်(၄၈)၊ ( ၇–လွှာ/ခြေရင်းဘက်/ယာဘက်ခြမ်း) (၁၂ပေခွဲx ၅၀ပေ)ရှိ ဒေါ်ခင်မျိုးဦး ပါ–၄ ပိုင်ဆိုင်သည့် တိုက်ခန်းအကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ထားသည့် ဒေါ်ခင်မျိုးဦး [၁၂/စခန(နိုင်) ၀၂၁၃၀၂)၊ ဦးလှိုင်တင့် [၁၂/အစန(နိုင်) ၀၅၉၆၈၅)၊ ဒေါ်ခင်မျိုးကြည် [၁၂/စခန(နိုင်) ၀၂၁၂၄၁]၊ ဒေါ်ခင်မျိုးလွင် [၁၂/စခန(နိုင်) ၀၂၁၃၀၃]တို့ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနိုင်ငွေး (LL.B, D.B.L, D.I.L)** — **ဒေါ်နိုင်ဦးသူ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၈၅၉)** — **အထက်တန်းရှေ့နေ (စဉ်– ၃၇၉၅၄)**
**အမှတ်–၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၂၅၈၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ နတ်ရှင်နောင်လမ်း၊ မြေကွက်အမှတ်(၃၁၅) အကျယ်အဝန်း (၄၀'x၆၀')၊ ဒေါ်ညိုညိုဝင်း (ဘ) ဦးတင်မြင့်ဦး [၁၂/ဥကတ(နိုင်)၁၀၅၁၈၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ယမင်းလွင် [၇/ပခန(နိုင်)၀၀၂၆၃၉]မှ အရှုပ်အရှင်းမရှိ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းပြောဆိုရာ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးအေးပြုံး [၁၄/ကပန(နိုင်) ၀၀၉၈၉၃]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ငွေး (LL.B)   အထက်တန်းရှေ့နေ (စဉ်– ၄၁၈၂၂)**
**အမှတ်(၈/၃၇၅ – က)၊ ယင်းမာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။  ၀၉–၂၅၆၁၈၀၅၄၆၊ ၀၉–၄၂၆၅၉၉၂၃၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ လူနေရပ်ကွက်အမှတ် (၆/၉)၊ တကောင်းပန်းခြံလမ်း၊ မြေကွက်အမှတ်(၂၀၃/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးကျော်မြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား အမွေဆက်ခံပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်ကေခိုင်ကျော် [၁၂/ဥကတ(နိုင်) ၁၃၂၁၅၁]၊ ဦးကျော်မျိုးလတ် [၁၂/ဥကတ(နိုင်) ၁၂၆၈၇၄]နှင့် ဦးအောင်ဖြိုးကျော် [၁၂/ဥကတ(နိုင်) ၁၉၁၆၃၀]တို့မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သက်ထား [၈/ထလန(နိုင်) ၀၃၇၄၇၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B)   တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။  ဖုန်း– ၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်တံခွန်(၄)လမ်း၊ မြေကွက်အမှတ် (၁၆၉)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၄၂ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၈)၊ (၂၅၂၀)စတုရန်းပေရှိ ဒေါ်အေးအေးသင်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန် မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ပြီးဖြစ်သော မြေကွက်အမှတ် (၁၆၉/ခ)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၂၂ပေx၆၀ပေ)၊ ဧရိယာ (၀.၀၃၀၃)ဧကရှိ မြေကွက်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀) မြေငှားစာချုပ်ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူ ဦးမောင်ထွေး [၁၄/ညတန(နိုင်) ၁၃၂၃၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၁၃–၇–၂၀၂၆) ရက်စွဲပါ "မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကျေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ခင်နီလာဦး LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်– ၃၉၁၁၃)**
**အမှတ်– ၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ (၂)လမ်းထောင့်၊ (၃၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၂၆၄၅၀၉၉၄၅၊ ၀၉–၂၅၉၄၆၄၂၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၁၊ မြေကွက်အမှတ်(၁၀/ခ)၊ (အလျား ၂၀ ပေx အနံ ၆၀ ပေ)၊ ( ၁၂၀၀ )စတုရန်းပေ၊ ဧရိယာ (၀.၀၂၇၅)ဧကရှိ ဒေါ်သဲမာမျိုး [၁၂ / လမန (နိုင်) ၁၂၅၅၃၅]၊ ဒေါ်ခင်အုန်းမြင့် [၁၂/အစန(နိုင်) ၀၃၈၉၃၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့်

မြေတိုင်းရပ်ကွက်အမှတ်– ၁၁၊ မြေကွက်အမှတ် (၁၁/က)(အလျား ၂၀ ပေ x အနံ ၆၀ ပေ)၊ ( ၁၂၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၂၇)ဧက ရှိ ဒေါ်မြင့်မြင့်စန်း(L/RGN– ၀၄၃၃၇၇) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်။

ဖော်ပြပါနှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ငြိမ်းဇာသူ (ဘ)ဦးကျော်အေး [၈ / ကမန (နိုင်) ၀၅၁၀၅၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၇၀၀)**
**09426779993**
**E–5၊ Sagawar Street/FMI City . Hlaingtharyar.**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်( ၃၄၈)၊ (၀.၀၈၃)ဧက အကျယ်အဝန်းရှိ ဦးဝမ်းမောင်[၁၂/အစန(နိုင်) ၀၀၉၅၀၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ မြို့ပတ်လမ်းသွယ်(၂)လမ်း၊ အမှတ်( ၃၄၈)ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညီညီဇော် [၁၂/အစန(နိုင်)၀၆၉၉၅၃]ထံမှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းအပေါ် တရားဝင်အကျိုးသက်ဆိုင်သူဖြစ်ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်နိုင်ဝင်း (LL.B, D.I.L)** — **ဒေါ်တင်တင်ခိုင် (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ( စဉ်– ၈၂၁၉)** — **တရားလွှတ်တော်ရှေ့နေ ( စဉ် – ၈၀၀၈ )**
**အမှတ်(၁၃/ခ)၊ (၈)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၄၈၀၂၅၉၉၃၊ ၀၉–၉၇၈၉၄၀၀၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်– ၂၆၊ လူနေရပ်ကွက်အမှတ်– မြယမုံစမ်းရိပ်မြိုင်(အပိုင်း–၂)၊ မြေကွက်အမှတ်– ၂၀၇၊ ဧရိယာ(၀.၁၈၃)ဧက၊ အကျယ်အဝန်း ( ၈၀ပေ/၇၉ပေ x ၁၀၀ပေ)၊ (၇၉၇၅)စတုရန်းပေရှိ မြေအမျိုးအစား– နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆–ရပ်ကွက်၊ မြယမုံစမ်းရိပ်မြိုင်လမ်း၊ အမှတ်– ၁၄၉ ဟု ခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပိုင်ရောင်းချသူ **ဒေါ်မာလာဝင်း [၁၂/ရကန(နိုင်)၀၂၅၆၆၆] (ဘ) ဦးနေဝင်း**မှ မိမိသာလျှင် လက်ဝယ်ရှိပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်သန္တာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၄၉၈၁)**
**အမှတ်–၈၃/၈၅၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၉၅၈၁၂၃၀၉**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၂၀၆)၊ အကျယ်အဝန်း (၁၂½x ၅၀)ပေ၊ (၃)လွှာ(ညာ)ဘက်၊ ဒုတိယထပ်ကို ဦးစိုးမြင့် [၁၂/မဂတ(နိုင်)၀၃၁၄၀၉]မှ ပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ကာလတန်ဖိုး တစ်ရပ်ဖြင့် ရောင်းချရာ၌ ဒေါ်ယဉ်ယဉ်ရွှေ [၁၃/တကန (နိုင်)၃၇၄၂၃၄]မှလည်း ဝယ်ယူရန် သဘောတူညီပါ၍ (၂၄–၆–၂၀၂၆) ရက်နေ့တွင် အပြီးအပိုင်ငွေချေပြီးဖြစ်ပါကြောင်းနှင့် တိုက်ခန်းလည်း လက်ရောက်ရရှိပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်ရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ် – ၃၀၈၀၇)**
**၀၉–၄၃၀၇၃၃၁၈, ၀၉–၇၈၅၀၁၁၁၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ နှင်းဆီ ၁၂ လမ်း၊ မြေကွက်အမှတ် M–၄၀(ထောင့်ခြမ်း၊ နှင်းဆီလမ်းမမေးတင်) ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၂၀x၆၀)ရှိ ဦးအောင်ကြည် အမည်ပေါက် စလစ်မြေအမျိုးအစား မြေကွက်လွတ်၏ အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမြင့်ကြည် [၁၂/သဃက(နိုင်)၁၅၇၉၆၇] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမျိုးမင်းထွေး [၁၂/အစန(နိုင်)၁၇၄၂၄၆] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ်စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤမြေကွက်အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်ကြောင်း တိကျခိုင်လုံသော သက်သေအထောက်အထား၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက် အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းမြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမင်းထွေး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၇၅၂၅)**
**ဖုန်း–၀၉–၂၆၀၄၀၂၀၀၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**( တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅ )**
**ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၀**

အဓိပတိလယ်ယာထွက်ကုန်ပစ္စည်း နှင့် ဦးအောင်သူစိုး
ရောင်းဝယ်ရေးလီမိတက်
(၎င်း၏အခွင့်ရကိုယ်စားလှယ်–
မန်နေဂျာ ဦးသော်ဇင်ဖြိုး )
**(တရားလို)** **( တရားပြိုင် )**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်း၊ အိမ်အမှတ် (၆၄၁)နေ ဦးအောင်သူစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ဆန်အိတ်ဖိုးကျန်ငွေ၊ ကြိုတင်ပေး ဆန်ဖိုးငွေအပါအဝင် တရားပြိုင်မှ ပေးသွင်းရန် ကျန်ငွေစုစုပေါင်း ငွေကျပ် ၆၅၇,၀၆၈,၁၆၀/– (ငွေကျပ်ခြောက်ထောင့်ငါးရာ ခုနစ်ဆယ်သိန်း ခြောက်သောင်းရှစ်ထောင့်တစ်ရာ့ခြောက်ဆယ်တိတိ)နှင့် နစ်နာကြေး ငွေကျပ် ၃၀,၀၀၀,၀၀၀/– (ငွေကျပ်သိန်းသုံးရာတိတိ) စုစုပေါင်းငွေကျပ် ၆၈၇,၀၆၈,၁၆၀/– (ငွေကျပ် ခြောက်ထောင့် ရှစ်ရာခုနစ်ဆယ်သိန်း ခြောက်သောင်းရှစ်ထောင့် တစ်ရာ့ခြောက်ဆယ်တိတိ) ရလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၆ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အိသွင်သွဲ့သွဲ့)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကသစ်ဝိုင်ဓမ္မရိပ်သာ ဝါတွင်းတရားစခန်းဖွင့်မည်

သန်လျင်မြို့၊ ကသစ်ဝိုင်ဓမ္မရိပ်သာ၊ ဝါတွင်းသုံးလ (၁၀) ရက်စဉ်တရားစခန်းပွဲများကို ၃၁–၇–၂၀၂၆ ရက် (သောကြာနေ့) တွင် လည်းကောင်း၊ ၃၀–၈–၂၀၂၆ ရက် (တနင်္ဂနွေနေ့)တွင် လည်းကောင်း၊ ၂၈–၉–၂၀၂၆ ရက် (တနင်္လာနေ့)တွင် လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားဝင် သံဃာတော်နှင့် ယောဂီများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အချိုရည်လှူဒါန်းလိုပါက ဖုန်း–၀၉–၅၀၁၃၇၇၃၊ ၀၉–၂၅၀၀၂၈၄၇၂ သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

**တရားစခန်းဝင် ယောဂီများ ဝင်ကြေးငွေပေးရန်မလိုပါ။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်း၀ (၅)လမ်း၊ မြေကွက်အမှတ်(၄၄၁/ခ)၊ အကျယ်အဝန်း (၆၀'x ၂၀') ၊ (၁၂၀၀)စတုရန်းပေရှိ ဦးရွှေရီ အမည်ပေါက်လျက်ရှိပြီး အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးရွှေရီ [၁၂/ဥကတ (နိုင်)၀၇၂၄၉၀] နှင့် ဒေါ်မိမိခိုင် [၁၂/ဥကတ(နိုင်)၁၄၄၁၀၀]တို့မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝေလင်းထိန် [၁၂/ရကန(နိုင်)၀၆၃၅၃၁] က အပြီးအပိုင်ဝယ်ယူရန်အတွက် (စရန်ငွေ) တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန္ဒာထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၇၂)**
**အမှတ် (၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ 09–420448599**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ ၉ လမ်းအနောက်၊ အမှတ်– ၃၉၁/ခ၊ ၁ ခန်းတည်း ၆ ထပ်တိုက်၏ ဒုတိယထပ်၊ ၃ လွှာ၊ ၁၈ ပေ x ၅၄ ပေရှိ အခန်းအမှတ်– အေ– ၃ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဒေါ်ခင်ခင်မြင့် [၁၂/လသန (နိုင်)၀၁၃၂၄၅]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဦးအောင်မျိုးကျော် [၅/မမတ(နိုင်) ၀၄၉၉၈၀]နှင့် ဒေါ်နန်းချောအိအိလှိုင် [၁၄/ဇလန(နိုင်)၁၁၆၂၄၆]တို့က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးကျော်၊ ဒေါ်နန်းချောအိအိလှိုင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်–၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ –၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ ငုရွှေဝါလမ်း၊ မြေကွက်အမှတ်(၈၉/ခ)၊ ဒေါ်မဲတူ (ပါမစ်အမည်ပေါက်)၊ အကျယ်အဝန်း (၂၀ x ၆၀ )ပေရှိ ပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်မှ ရောင်းချခဲ့ပြီး အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်အေးသန္တာမောင်[၇/ပမန(နိုင်)၁၃၁၅၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သော်ဇင်ဖြိုး [၁၂/ကခက(နိုင်)၁၀၈၆၂၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သော်ဇင်ဖြိုး[၁၂/ကခက(နိုင်)၁၀၈၆၂၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်နိုးသူ**
**LL.B, WIPO DL–101(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၀၈၁)**
**၀၉–၇၇၂၆၁၇၅၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနကွပ်ကဲမှုအောက်ရှိ နေပြည်တော်မြို့မဈေးမှ ပွဲရုံဆိုင်ခန်းအမှတ် (ပ–၁၁၁) ဦးဇော်မင်းအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၉/ပမန(နိုင်) ၁၂၂၅၄၇]အမည်ဖြင့်ထုတ်ပေးထားသော **"ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်ကတ်"**မှာ ပျောက်ဆုံးသွားပါသဖြင့် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မိတ္တူမှန်)** ထုတ်ယူခွင့်ပြုပါရန် **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်(မူရင်း)"** ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ (မူရင်း)၊ ရဲစခန်းထောက်ခံချက်(မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊ အိမ်ထောင်စုဇယား (မိတ္တူ)များ တင်ပြပြီး **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)** လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစပြီး (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးဇော်မင်းအောင် အမည်ဖြင့် ထုတ်ပေးထားသော **"ဈေးဆိုင် ခန်းအငှားချထားခြင်းလိုင်စင်ကတ်"(မူရင်း)**အား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ **"ဈေးဆိုင်ခန်းအငှားချထားခြင်းလိုင်စင်ကတ်" (မိတ္တူမှန်)** ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သစ်တောသုတေသနဌာန ဝန်းနေ အဖ ဦးသန်းဝင်းနိုင်၊ အမိ ဒေါ်ခင်သန်းဝင်းတို့၏သမီး မဇင်နွယ်နိုင် [၉/ဇယသ (နိုင်)၀၂၇၇၃၂] သည် (၁၅–၇–၂၀၂၆) ရက်နေ့မှစ၍ မဆုယွန်းသဒ္ဒါထက်ဟု အမည်ပြောင်းလဲလိုက်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ–၅၃)၊ ဦးပိုင်အမှတ်(၄၂)၊ ၅၂x၅၃ ကြား၊ ၁၄၁x၁၄၂ လမ်းကြားရှိ တပ်ကြပ်အေးမြင့် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်ခင်ကြည်က တရားပြိုင် တပ်ကြပ်အေးမြင့်အပေါ် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှု အမှတ် (၃၄၀/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရှိသူ ဒေါ်ခင်ကြည် [၈/မမန(နိုင်) ၁၄၉၁၄၇] ကဂရန်စာချုပ်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ–၉)၊ ဦးပိုင်အမှတ် (၄၇)၊ ၆၂x၆၃ ကြား၊ ၁၃၄x၁၃၅လမ်းကြားရှိ ဦးကျော်ညွန့် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးနိုင်နိုင်ဦးက တရားပြိုင်ဦးကျော်ညွန့် အပေါ် မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှု အမှတ် (၃၁၈/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရှိသူ ဦးနိုင်နိုင်ဦး[၉/ပကခ(နိုင်)၀၀၇၂၀၆]က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ–၇)၊ ဦးပိုင်အမှတ်(၅၉)၊ ၆၀.Cx၆၁ကြား၊ ၁၂၇x၁၂၈လမ်းကြားရှိ ဦးစိန်လင်း အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်မီမီသွယ်က တရားပြိုင် ဦးစိန်လင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှု အမှတ် (၃၂၃/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရှိသူ ဒေါ်မီမီသွယ်[၁၃/မဘန(နိုင်)၀၁၄၃၉၈]က တောဂရန်၊ တရားရုံးအမိန့် တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မဟာစည်သာသနာ့ရိပ်သာ အမျိုးသမီး–ယောဂီစောင့်ရှောက်ရေးအဖွဲ့ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့၏ (၄၈) နှစ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကြီးကို ၁၃၈၈–ခုနှစ်၊ ဒုတိယဝါဆိုလဆန်(၁၂)ရက်၊(၂၆-၇-၂၀၂၆) တနင်္ဂနွေနေ့ မွန်းလွဲ (၁)နာရီအချိန်တွင် အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊ မဟာစည်သာသနာ့ရိပ်သာ "မဟာကုသလကာရီ ဓမ္မသာလာ မဏ္ဍပ်" ၌ ကျင်းပမည်ဖြစ်ပါ၍ အမှုဆောင်များ၊ အရန်အမှုဆောင်များ၊ အသင်းသူများ၊ ယောဂီများနှင့်တကွ စိတ်ပါဝင်စား သူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**အမျိုးသမီး–ယောဂီစောင့်ရှောက်ရေးအဖွဲ့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ လှိုင်သီတာလမ်း၊ အမှတ် (၉၈၃/က)နေ ဒေါ်စုစုလှိုင် [၁၁/ရဗန(နိုင်)၀၆၀၄၉၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ လှိုင်သီတာလမ်း၊ အမှတ် (၉၈၃/က)၊ ဧရိယာ(အလျား ၂၀ပေ x အနံ ၆၀ပေ)၊ ဒေါ်ဝင်းဝင်းမော် (TKA–၀၆၁၁၄၅) ဂရန်အမည်ပေါက် အိမ်ခြံမြေအား ဒေါ်ရွှေချယ်ဝင်း (TTN–၁၇၇၅၂၄) ထံမှ (၁၅–၃–၂၀၀၉)ရက်နေ့တွင် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ဒေါ်စုစုလှိုင် သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ် ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကိုကိုဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၃၈၈၀/၂၀–၁၁–၂၀၂၀)**
**အမှတ်(၆၀၄)က၊ ထင်းရှူးမြိုင်လမ်း၊ ၂၀–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ Ph:09–978308402**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက် ၊ ရွှေနှင်းဆီလမ်းသွယ် (၇)၊ အမှတ် (၂၄၇) ဟု ခေါ်တွင်သော (အလျား ၂၅ x အနံ ၅၀) ပေအကျယ်ရှိ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏အမှုသည်ဖြစ်သူဦးအောင်မိုးဦး [၇/တငန (နိုင်) ၁၀၈၅၀၂] ကိုင်ဆောင်သူမှတစ်ဦးတည်းဝယ်ယူပိုင်ဆိုင်၍ လက်ရှိနေထိုင်ပိုင်ဆိုင်သော နေအိမ်နှင့်မြေဖြစ်ကြောင်းနှင့် ညီမဖြစ်သူ ဒေါ်အိစက်စက်ဖြိုး [၇/တငန (နိုင်) ၁၀၈၅၀၁] ကိုင်ဆောင်သူနှင့်ပတ်သက်ကာ ဦးအောင်မိုးဦးပိုင်ဆိုင်သော နေအိမ်နှင့် မြေအပေါ်ကန့်ကွက်ကြောင်းတင်ပြခြင်း၊ ကြေညာခြင်းများ မပြုရန် အများသိစေရန်နှင့် ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်အိစက်စက်ဖြိုးနှင့်ပတ်သက်၍ social media ပေါ်တွင်ဖြစ်စေ၊ ပတ်ဝန်းကျင်တွင်ဖြစ်စေ ၊ မဟုတ်မမှန်သော သတင်းများ ၊ စွပ်စွဲပြောဆိုချက်များ ပျံ့နှံ့လျက်ရှိကြောင်း ၊ မဟုတ်မမှန်သော သတင်းများကို ယုံကြည်၍ပြန်လည်မျှဝေခြင်း ၊ ထပ်မံဖြန့်ဝေပြောကြားခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာနှင့်အကျိုးစီးပွားကို ထိခိုက်စေသည့်အတွက် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် ။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးအောင်မိုးဦး** | **ဒေါ်တင်နီလာထွန်း** |
| **[၇/တငန(နိုင်)၁၀၈၅၀၂]** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်အိစက်စက်ဖြိုး** | **(စဉ်–၁၂၇၂၄)** |
| **[၇/တငန(နိုင်)၁၀၈၅၀၁]** | **အခန်း(၂)၊ နဂါးရုံဘုရားလမ်း၊** |
| | **မြို့နယ်တရားရုံးရှေ့၊ (၅)ရပ်ကွက်၊** |
| | **မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။** |

## အများသိစေရန်ကြေညာချက်

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁–A)၊ မြေကွက်အမှတ်(၆၆၊ ၆၇)၊ အမှတ် (၁၀၆၊ ၁၀၈)ရှိ Basement+(၈½)ထပ်တိုက်အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အား ဌာန၏ ၇–၈–၂၀၁၄ရက်စွဲပါ စာအမှတ်၊ ၁၇၄၇/၂၀၅၂/စည်ပင်–ယာ(အုံ)အရ မြေပိုင်ရှင် ဦးဇော်ဝင်း၊ ဦးခင်မောင်လေး၊ ဒေါ်သီတာတို့၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးခင်မောင်ထွန်း၊ လိုင်စင်ရကန်ထရိုက်တာဦးဇော်ဝင်း (LC–၁၉၅)နှင့် လိုင်စင်ရအင်ဂျင်နီယာဦးလင်းလင်းထွန်း(LS–၄၉၈)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါBasement+(၈½)ထပ်တိုက် အဆောက်အအုံဆောက်လုပ်ခွင့် သက်တမ်းတိုးပေးပါရန် ဆောက်လုပ်ခွင့်ပြုမိန့်ပါ မြေရှင်(၃)ဦးအနက် (၁)ဦးဖြစ်သူ ဦးဇော်ဝင်း (လိုင်စင်ရကန်ထရိုက်တာ–၁၉၅)မှာ ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီးဖြစ်သူဒေါ်သီသီဝင်း၊ ကျန်မြေရှင်(၂)ဦးဖြစ်သည့် ဦးခင်မောင်လေး၊ ဒေါ်သီတာနှင့် လိုင်စင်ရကန်ထရိုက်တာ ဦးဇော်ဝင်းနိုင် (LC–၁၁၈၈)တို့မှ လိုင်စင်ရကန်ထရိုက်တာပြောင်းလဲ၍ သက်တမ်းတိုးခွင့်ပြုပေးပါရန် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်းလျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၀၇၆/A)၊ (အလျား၂၀ပေxအနံ၆၀ပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေရပ်ကွက်အမှတ်(၂)၊ သုမေ္ဓာ(၄)လမ်း၊ အိမ်အမှတ်(၁၀၇၆/A) (အလျား၁၈ပေxအနံ၅၄ပေ)အကျယ်အဝန်းရှိ တတိယထပ် (၄)လွှာဟုခေါ်တွင်သော နေအိမ်တိုက်ခန်းနှင့်တကွ ရေမော်တာ၊ မီးမီတာ(လျှောက်ထားဆဲ) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်နှင်းသက်[၁၂/မရက(နိုင်)၁၃၉၃၁၆]မှ အဆင့်ဆင့်ဝယ်ယူခဲ့ပြီး လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားခွင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုချက်ဖြင့် အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ –** **လွှဲအပ်ချက်အရ –**
**ဒေါ်ခင်ပြည့်စုံ** **ဒေါ်ရည်မွန်အောင်(LL.B)**
**[၁၂/အစန(နိုင်)၂၂၅၅၁၉]** **တရားလွှတ်တော်ရှေ့နေ(စဉ်–၂၀၂၂၉)**
**ဖုန်း–၀၉–၄၄၈၂၈၈၃၁၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃)၊ ရွှေဥဒေါင်း(၂)လမ်း၊ မြေကွက်အမှတ်(၃၂၆/ခ)ဟုခေါ်တွင်သော ဦးအောင်စိန်[၃/ဘအန(နိုင်)၀၉၇၄၄၉]အမည်ပေါက် အိုးအိမ်ဂရန်မြေအမျိုးအစား (အလျား ၂၄ ပေ x အနံ ၆၀ ပေ)အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော(အလျား ၁၄ ပေ x အနံ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်အား မျက်နှာမူလျှင် ညာဘက်ခြမ်းမြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ နေအိမ်၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မြင့်မြင့်[၁၂/ပဘတ(နိုင်)၀၂၅၀၁၆]မှ အဆင့်ဆင့်ဝယ်ယူခဲ့ပြီး လက်ဝယ်ပိုင်ဆိုင်အကျိုးခံစားခွင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သဖြင့် အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြုချက်ဖြင့် အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်သူ –** **လွှဲအပ်ချက်အရ –**
**ဒေါ်ဝင်းဝင်းရွှေ** **ဒေါ်ရည်မွန်အောင်(LL.B)**
**[၁၂/ဥကတ(နိုင်)၀၆၁၉၄၈]** **တရားလွှတ်တော်ရှေ့နေ(စဉ်–၂၀၂၂၉)**
**ဖုန်း–၀၉–၄၄၈၂၈၈၃၁၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊(၁၄)ရပ်ကွက်၊အောင်ဇေယျလမ်း အောင်ဇေယျ Residence အမှတ်(၂၇) ဟုခေါ်တွင်သော၊(၈)ထပ်ခွဲတိုက် အဆောက်အဦး၏(၆)လွှာ၊ အခန်းအမှတ်(၅၀၁)၊ အကျယ်အဝန်း(၂၇x၇၇) ပေအကျယ်ရှိ ရေမီးစုံလင်စွာပါဝင်သောကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဦးကျော်စိုးနိုင်(၁၂/ပတထ(နိုင်) ၁၃၉၄၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးအေးခိုင်(၁၂/ရကန(နိုင်)၀၂၉၅၅၃)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်း အဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်မြတ်နိုးခင်(LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်–၅၆၂၆၃)
09-400860081 , 09-458887918
အမှတ်(1-A/2)၊မြသီတာအိမ်ရာ၊(၁၄/၁)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Sky Suite Condo၊ အမှတ်(၇၀၆)တွင် နေထိုင်သော ဒေါ်ယဉ်ယဉ်ဝင်း (ဘ)ဦးချိန်ကြီး[၁၃/လရန(နိုင်)၁၂၆၀၈၁]သည် အောက်တွင် ဖော်ပြထားသော လုပ်ငန်းအမှတ်တံဆိပ်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင် ဖြစ်ပါသည်–

**မှတ်ပုံတင်စာချုပ်အမှတ်–၄/၅၅၅၃ (နေ့စွဲ – ၇–၇–၂၀၂၆)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အား Violet Flame, Energy Crystalနှင့်ပတ်သက်၍ ရောင်းချခြင်းလုပ်ငန်းများကို ရန်ကုန်မြို့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ လုပ်ကိုင်ဆောင်ရွက်ရန် အသုံးပြုသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ Violet Flame, Energy Crystal အမည်အားဖြစ်စေ၊ အမှတ်တံဆိပ်အားဖြစ်စေ မည်သည့်ပုံစံနှင့်မဆို မိုင်ငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုင်ငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်ဝင်း[၁၃/လရန(နိုင်)၁၂၆၀၈၁] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသီဟအောင်ခိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၀၂၁၉)**
**အမှတ်(၂၅/၂၆)၊ ရွှေခင်းသာလမ်း၊ ၃(ခ)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၆၉၄၈၃၃၃၀**

## အိတ်ဖွင့်တင်ဒါအမှတ် (၂/၂၀၂၆–၂၀၂၇) ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ကက်သုတ် ကြေးနီ ၃၆၅ မက်ထရစ်တန်အား 1 Lot လျှင် ၁၀ မက်ထရစ်တန်စီဖြင့် 35 Lots နှင့် ကက်သုတ်ကြေးနီ ၁၅ မက်ထရစ်တန် 1 Lot စုစုပေါင်း 36 Lots ခွဲ၍ ပြည်တွင်းရှိကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စက်မှုလက်မှု လုပ်ငန်းရှင်များသို့ "မြန်မာကျပ်ငွေ" ဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည် ဖြစ်ပါသည်။

၂။ ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်လှစ်သည့်နေ့တွင် အင်တာနက်၌ ပေါ်ထွက်လာမည့် ယမန်နေ့ ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange–LME)ပါ ကက်သုတ်ကြေးနီ တစ်မက်ထရစ်တန်ဈေးနှုန်းအပေါ်တွင် အခြေခံ၍ သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား (LME + Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေး အများဆုံးပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူများကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

၃။ ကက်သုတ်ကြေးနီများကို ရန်ကုန်မြို့တွင် ထုတ်ယူရမည်ဖြစ်ပြီး၊ Mine Site မှ ရန်ကုန်မြို့သို့ သယ်ယူခ၊ တင်ချစရိတ်များကို တင်ဒါအောင်မြင်သည့် ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံးကုမ္ပဏီများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်များမှ ကျခံရမည်ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့် နေ့ရက်နှင့် အချိန်မှာ ၆ – ၈ –၂၀၂၆ ရက်နေ့၊ မွန်းတည့် ၁၂ နာရီဖြစ်ပြီး ယင်းနေ့ ညနေ ၃ နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါများ ဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၀၆၇–၃၄၀၉၃၇၈၊ ၀၆၇–၃၄၀၉၃၇၂ နှင့် ၀၆၇–၃၄၀၉၃၇၇ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၂၉)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၆–လွှာ၊ (မျက်နှာမူလျှင်(ယာ) ဘက်အခြမ်း)၊ အကျယ်အဝန်း(၁၈ x ၆၅)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ကြည်ကြည်မြင့်[၁၂/မဂတ (နိုင်)၀၆၅၁၉၉]နှင့် ဦးဝင်းမြင့်[၁၂/မဂတ(နိုင်)၀၆၅၈၉၃]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိန္ဒြာစိုးဦး[၁၃/ကလန(နိုင်)၁၃၆၆၄၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထား မူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင် (LL.B, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရှေ့ကုန်းရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၇)လမ်း၊ အမှတ်(၁၄)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်၊ ခြေရင်းခြမ်း၊ (၁၂ ၁/၂ 'x၅၀')အကျယ်အဝန်းရှိ တိုက်ခန်းသည် ရောင်းချသူ ဒေါ်ငြိမ်းငြိမ်းထွေး [၁၂/လမန(နိုင်)၀၃၆၇၆၅]မှ တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်သဘောတူပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စောစန္ဒီစိမ့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၅၂၁/၂၀၂၁)**
**LL.B, D.B.L, WIPO (Switzerland)**
**အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၃၇၀၁၈၃၅၊ ၀၉–၇၉၆၅၄၁၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၇၂)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၃၉)၊ ခိုင်ရွှေဝါလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစားနှစ်(၆၀)မြေငှားဂရန်(စီမံချက်ဂရန်)၊ အမည်ပေါက်ဦးတင်ဦး[၁၂/ကမရ(နိုင်)၀၃၀၈၄၆]၊ ဒေါ်ခင်ကြည်(ခ)ရွှေမာ[၁၂/ကမရ(နိုင်) ၀၃၁၆၆၈]ဟု မှတ်သားထားသည့် မြေကွက်၏အမည်ပေါက်ဖြစ်သူ (ဖခင်)ဦးတင်ဦး (၁၂–၂–၂၀၂၆)ရက်နေ့တွင်လည်းကောင်း၊ (မိခင်)ဒေါ်ခင်ကြည်(ခ)ရွှေမာသည် (၁၇–၁၀–၂၀၂၄)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ခင်မာဦး[၁၂/ကမရ(နိုင်)၀၃၁၇၀၇]၊ ဦးအောင်နိုင်ဦး[၁၂/ကမရ(နိုင်)၀၃၁၇၀၈]၊ ဒေါ်ဆွေဆွေဦး[၁၂/ကမရ(နိုင်)၀၃၀၂၄၉]၊ ဦးအောင်ထွန်းဦး [၁၂/ကမရ(နိုင်)၀၃၁၇၄၆]တို့မှ အထက်ဖော်ပြပါမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းအက်ဥပဒေအရ မိမိတို့မှသာလျှင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ မိမိတို့သား သမီး(၄)ဦးကိုသာ မွေးဖွားခဲ့ခြင်းဖြစ်ပြီး အခြားသော ကိတ္တိမအမွေစားအမွေခံသားသမီးများ မွေးစားထားခြင်းမရှိပါကြောင်းကို ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၅၂၉၄/၂၅–၅–၂၀၂၆ )၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နှစ်(၆၀)ဂရန်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၅/၂၀၂၆–၂၀၂၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–002(26–27)CAP (Retender) | SL–120 Single Purpose Swivel (1) Set | Ks |
| (၂) | DMP/L–003(26–27)CAP (Retender) | YG–110 Travelling Block with Hook (2) Sets | Ks |
| (၃) | DMP/L– 005(26–27)CAP (Retender) | Assorted Size of Hydraulic Hose for disc braks units and Friction Disc (1) Lot | Ks |
| (၄) | DMP/L– 016(26–27)CAP (Retender) | Spares Parts for SJS Serva Cementing Unit (1) Group | Ks |
| (၅) | DMP/L–017(26–27)(CAP) (Retender) | Spares Parts for BJ Cementing Unit (4) Groups | Ks |
| (၆) | DMP/L–018(26–27)(CAP) (Retender) | Spare Parts for GM 6V 53 & GM 6V 71, MT 653 & HT 750 DRD Allision Transmission (4) Groups | Ks |
| (၇) | DMP/L– 019(26–27)CAP (Retender) | Pig Launcher and Receiver (Complete Set) for 14" Natural Gas Pipeline (1) Set | Ks |
| (၈) | DMP/L– 022(26–27)CAP (Retender) | Spare Parts for Perkins Gas Engine (39) Items | Ks |
| (၉) | DMP/L–023(26–27)CAP (Retender) | Laboratory Equipment (4) Items | Ks |
| (၁၀) | DMP/L– 024(26–27)CAP (Retender) | Electronic Flow Measurement System Revamping, Services and Spares Parts For Ywama Gas Distribution Station (1) Lot | Ks |
| (၁၁) | DMP/L– 025(26–27)CAP (Retender) | Electronic Flow Measurement System Revamping, Services and Spares Parts For 24 Inches Pipe Line Center (Daw Nyein) (1) Lot | Ks |
| (၁၂) | DMP/L–026(26–27)CAP (Retender) | Accessories for Communication and Information Technology (3) Groups | Ks |
| (၁၃) | DMP/L–028(26–27)CAP (Retender) | Geology Workstation and Accessories (3) Items | Ks |
| (၁၄) | DMP/L–040(26–27) (Retender) | 6 " API 5L Coated Steel Line Pipe (2,400) Meter | Ks |
| (၁၅) | DMP/L–046(26–27) (Retender) | Accessoires for Waukesha L–7042 GSI Engine (12) Items | Ks |
| (၁၆) | DMP/L–049(26–27) (Retender) | Assorted sizes of Shoe, Collar and Cementing Plug (1) Lot | Ks |
| (၁၇) | DMP/L–056(26–27) (Retender) | Duovis (10) Tons | Ks |
| (၁၈) | DMP/L–057(26–27) (Retender) | Braytes Powder (800) Tons | Ks |
| (၁၉) | DMP/L–061(26–27) (Retender) | Accessories for Adaptor Spool and Flanges (1) Lot | Ks |
| (၂၀) | DMP/L– 065(26–27CAP) (Retender) | Concrete Pole, Motor and Cable (3) Groups | Ks |
| (၂၁) | DMP/L– 067(26–27CAP) (Retender) | IOT Module (Siemens) (6) Nos | Ks |
| (၂၂) | DMP/L–071(26–27)CAP (Retender) | 2 x 23 PVC Insulated Cable Firing Wire (700) Coils | Ks |
| (၂၃) | DMP/L– 073(26–27)CAP (Retender) | ICCD PDF–2 Software (1) Lot | Ks |
| (၂၄) | DMP/L–074(26–27)CAP (Retender) | 11–6.6/0.4 KV , 315 KVA Transformer and 400 V Capacitor Bank (2) Items | Ks |
| (၂၅) | DMP/L–075(26–27)CAP (Retender) | Electrical Materials for Chauk and Mann Oil Field (2) Groups | Ks |
| (၂၆) | DMP/L–076(26–27) (Retender) | Electrical Materials for D3 T2 Sr–2, Yenangyaung and ZJ 70L Sr–1 Drilling Rig (4) Groups | Ks |
| (၂၇) | DMP/L–077(26–27) (Retender) | Accessories for Welding Machine (1) Lot | Ks |
| (၂၈) | DMP/L–078(26–27) (Retender) | Accessories for Pipe Locator (1) Lot | Ks |
| (၂၉) | MOGE–WL–C001(26–27) | အမျိုးသားရေနံတွင်းတိုင်းတာရေးအဖွဲ့(National Well Log Team) အတွက် Wireline Logging Truck and Unit များနှင့် Tool and Equipment များဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း | Ks |
| (၃၀) | MOGE–S–C001(26–27) | လုပ်ကွက် MOGE–5 အဖျောက်(တောင်)ဒေသတွင် 2D ဆိုက်စမစ်တိုင်းတာရေးအတွက် Shot Hole တွင်းတူးခြင်းနှင့် Cable ကြိုးခင်း/ကြိုးသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း | Ks |
| (၃၁) | MOGE–S–C002(26–27) | လုပ်ကွက် MOGE–5 အဖျောက်(တောင်)ဒေသတွင် 2D ဆိုက်စမစ်တိုင်းတာရေးအတွက် ဆိုက်စမစ်တိုင်းတာရေးစက်များ ငှားရမ်းအသုံးပြုခြင်း | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇–၇–၂၀၂၆ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၃၁–၇–၂၀၂၆ ရက်နေ့ (၁၃:၀၀) နာရီ** တွင် နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း–၀၆၇–၃၄၁၁၂၀၆**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


**ယနေ့ ဖတ်စရာ**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်း လေ့ကျင့်ခန်း (MYANMAR-RUSSIA JOINT EXERCISE (TIGER-2026)) ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေး**

စာမျက်နှာ » ၁၀

**မရိုးနိုင်သော အာဇာနည်စိတ်ဓာတ် မကွယ်ပျောက်သော နိုင်ငံတော်အနာဂတ်**

ဆောင်းပါး စာမျက်နှာ » ၁၄





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများ၊ ဝန်ကြီးများ၊ ပညာရှင်များ၊ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား

ညင်ချီ ဇူလိုင် ၁၇

ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ ဒေသတွင်းနှင့် အခြားနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးမှုကိုမြှင့်တင်ရန် ရည်ရွယ်၍ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(The 5th China Xizang Trans- Himalaya Forum for International Cooperation) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ(ခ)လင်ကျစ်မြို့ရှိ Nyingchi Rui Crown Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

## (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၇

(၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ မိနစ် ၄၀ မှ စတင်ပြီး MRTV HD Channel၊ MRTV News Channel၊ MRTV Parliament Channel၊ MRTV NRC Channel၊ MITV၊ MWD HD၊ MWD Variety HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့် Readers' Channel၊ Sky Net Up to Date Channel၊ Channel 9၊ Channel K၊ Hey Play Sports Channel၊ M Channel၊ UNI TV၊ Shwe Nadi Shwe Yi Entertainment Channel နှင့် Channel 24 တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ရွှေ FM၊ ပတ္တမြား FM၊ ပဒ္မဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ FM ပုဂံ၊ သဇင် FM၊ Star FM တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website၊ MRTV App နှင့် Online တို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




Galaxy အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံ၊ ရန်ကုန်စီးတီး၊ ဒဂုံစတား၊ စစ်ကိုင်းယူနိုက်တက်နှင့် Galaxy အသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၁၇

MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ပထမနေ့နှင့် ဒုတိယနေ့ကို ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်က ကျင်းပရာ အား/ကာသိပ္ပံ၊ ရန်ကုန်စီးတီး၊ ဒဂုံစတား၊ စစ်ကိုင်းယူနိုက်တက်နှင့် Galaxy အသင်းတို့နိုင်ပွဲရရှိပြီး ရန်ကုန်ယူနိုက်တက်အသင်း ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သည်။

ပွဲစဉ်(၉)တွင် ဒဂုံစတားယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို လေးဂိုး-ဂိုးမရှိ၊ Galaxy အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စစ်ကိုင်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရန်ကုန်စီးတီးအသင်းက ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ အား/ကာသိပ္ပံအသင်းက မြဝတီအသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး Falcon အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

စာမျက်နှာ ၁၆ ကော်လံ ၅ သို့ ✳

## မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း ယနေ့ ခြေစမ်းမည်



ရန်ကုန် ဇူလိုင် ၁၇

၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်လက်ရွေးစင်အသင်းတို့သည် ဇူလိုင် ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းနှစ်သင်းစလုံးသည် ဇူလိုင် ၂၄ ရက်တွင် စတင်ကျင်းပမည့် ၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖

မြန်မာ့လက်ရွေးစင်အသင်း ဗီယက်နမ်နိုင်ငံ၌ လေ့ကျင့်နေစဉ်။

## မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၇

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ